mgyoe.com

# ဂျက်ကွမ်းခြံကုန်း

## ပြောစမှတ်တွင်တဲ့ တောဇာတ်လမ်း



mgyoe.com

mgyoe.com



# ပြောစမှတ်တွင်နိုင်တဲ့ တောရောက်လေး

ချက်

ကွမ်းခြံကုန်း

mgyoe.com

mgyoe.com

ထုတ်ဝေသူ-ဦးကျော်ကျော်ဝေ၊ (၀၀၄၅၇) ရွှက်စိမ်းစာပေ၊
လမ်းမတော်၊ရန်ကုန်။
ပုံနှိပ်သူ-ဦးစန်းဦး၊ SKCC PRESS (၀၀၄၁၃) ၆၇၊ ၁၆၄ လမ်း၊ တာမွေ။

၂၀၁၆၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ် ၅၀၀

တန်ဖိုး- ၂၇၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ

– အမှာ (က)
၁။ လူမုန်းမခံရစေနဲ့ ဟဲ့ကောင်တွေရဲ့ ၁
၂။ လူဖြစ်တော့မှ အာဇာနည်ရမှာတဲ့လား ၇
၃။ ကိုက်တတ်ရင် ပြီးတာပါပဲ ၁၃
၄။ မြေခွေးက ခင်တတ်တယ် ၁၉
၅။ စုံနံ့သာမြိုင်အယ်လ်ဘမ် ၂၅
၆။ တောအချုပ်ထောင်တံခါး အဖွင့်အပိတ် ၃၁
၇။ ရွေးဖို့ပြင်နေတဲ့ စုံနံ့သာမြိုင် ၃၇
၈။ တိရစ္ဆာန်အတွေး တိရစ္ဆာန်အရွေး ၄၃
၉။ သဘောတလွဲ မနော‌အမွဲနဲ့ တောမည်း ၄၉
၁၀။ ဟော တခွီခွီနဲ့ အဲဒါတောစပိ ၅၅
၁၁။ တောထဲက မိုက်ခရိုစီးပွား ၆၁
၁၂။ သည်တော သည်တောင် သည်အကောင်တွေနဲ့ ၆၇
၁၃။ စုံနံ့သာမြိုင် ငြိမ်းချမ်းရဲ့လား ၇၃
၁၄။ စုံနံ့သာမြိုင် အရင်လို မဟုတ်တော့ဘူး ၇၉
၁၅။ ဘယ်ဘက်ကမှမဟုတ်ဘူး အစွယ်ကလေးနဲ့ ၈၅
၁၆။ သယ် . . . ငါ ဘယ်အကောင်ပါလိမ့် ၉၁
၁၇။ လွှဲတာတော့ လွှဲတာပေါ့ ၉၇
၁၈။ တောအရောင်လည်းပြောင်း တောကောင်လည်းပြောင်း ၁၀၃

mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၉။ | တိရစ္ဆာန်တို့ရဲ့ အပွတ်အသပ် အတို့အထိများ | ၁၀၉ |
| ၂၀။ | နောက်နောင်မှာ တစ်ကောင့်တစ်ကောင် မမုန်းကြေး | ၁၁၅ |
| ၂၁။ | တောနောင်ရေးက စိတ်အေးရပြီလား | ၁၂၁ |
| ၂၂။ | တိရစ္ဆာန်တစ်စုရဲ့နောက်ဆုံးနေ့များ | ၁၂၇ |
| ၂၃။ | တောမြိုင်ကောင်းချင်ရင် မနောစတိုင်ပြောင်း | ၁၃၃ |
| ၂၄။ | တိရစ္ဆာန်များလည်း အငြိမ်းစားကြသည် | ၁၃၉ |
| ၂၅။ | လူတွေရှေ့မှာမှ ဆာ(sir) တပ်လို့ ရမယ်ထင်လား | ၁၄၅ |
| ၂၆။ | ဂျုန်းဂဲလ်ကုတ် | ၁၅၁ |
| ၂၇။ | တိရစ္ဆာန်များလည်း ကျောင်းသွားကြသည် | ၁၅၇ |
| ၂၈။ | တောစည်းရိုးအစပ်က တိရစ္ဆာန်ဈေးတန်း | ၁၆၃ |
| ၂၉။ | တောထဲမှာလည်း အသည်းနဲ့ပါ | ၁၆၉ |
| ၃၀။ | တောတရားစီရင်ခန်း | ၁၇၇ |
| ၃၁။ | ရဂုံတစ်ခွင်မှာ ဂုဏ်တင်စရာကို ကြည့်ပြန်တော့ | ၁၈၃ |
| ၃၂။ | ဓားမှတ်တိုင်မှာ ဆင်း၍<br>လက်ပစ်ဗုံးမှတ်တိုင်မှာ တက်စေ | ၁၈၉ |
| ၃၃။ | ကောင်းကောင်းသေတာလား သေလို့ကောင်းတာလား | ၁၉၅ |
| ၃၄။ | ပြောစမှတ်ဆန်းတဲ့ တောဇာတ်လမ်း | ၂၀၁ |
| ၃၅။ | တိရစ္ဆာန်တစ်စုရဲ့ ခြေရာများ | ၂၀၇ |
| ၃၆။ | ဇောက်ထိုးငနဲရဲ့ သောက်ကျိုးနည်းပါးစပ် | ၂၁၃ |
| ၃၇။ | လူခြေထောက်နဲ့ တိရစ္ဆာန်ပလက်ဖောင်း | ၂၂၁ |
| ၃၈။ | ဦးတဲ့အကောင်က အရင် ဟောင်စတမ်း | ၂၂၇ |
| ၃၉။ | လောကဓာတ်အဖုံဖုံနဲ့ တောသတ်ပုံ | ၂၃၃ |
| ၄၀။ | လက်မှုဂနိုင် စက်မှုမြိုင် | ၂၃၉ |


❑

mgyoe.com

mgyoe.com



# အမှာ

လူကို အသိဉာဏ်ရှိသည့် ခြေနှစ်ချောင်းသတ္တဝါအဖြစ် အဘိဓာန်က အနက်ဖွင့်ပါသည်။ စင်စစ် လူ့အနက်အဓိပ္ပာယ်များမှာ စကားလုံးကလေး အနည်းငယ်မျှဖြင့် ပြီးပြည့်စုံအောင် ဖွင့်ဆိုရှင်းလင်းရန် ခက်ခဲလွန်းလှပါဘိ။

ခွင့်လွှတ်ခြင်း၊ စာနာခြင်း၊ မြတ်နိုးတတ်ခြင်း၊ ပရဟိတစိတ်ရှိခြင်း၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်း၊ စဉ်းစားဆင်ခြင်တတ်ခြင်း စသည်တို့အပြင် စားမှု၊ နေမှု ဝတ်စားဆင်ယင်မှုတို့လည်း လူက တိရစ္ဆာန်များနှင့် ကွာခြားပါသည်။

လူက လူမဆန်လေသောအခါ လူ့တိရစ္ဆာန်ဟူသည့် စကား ပေါ်လာရပါသည်။ semi Animal တိရစ္ဆာန်တစ်ဝက်လူ ဟူသည့်စကားမှာ အလွန်တာသွားပါသည်။

ထိုစိတ်ကူးများကို အခြေခံကာ –

(၁) တောပါးစပ်

(၂) တောစန္ဒရား

(၃) တောကြီးထဲမှာကတော့ ဆောရီးပဲ တို့ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ အားပေးသူ သရော်စာ ချစ်သူများအတွက် ယခု "ပြောစမှတ်ဆန်းတဲ့ တောဇာတ်လမ်း" ကို ဆက်လက်တင်ဆက်ရပါသည်။

လူသားပီသနိုင်ကြပါစေ။

ဂျက်ကွမ်းခြံကုန်း
ရန်ကုန်မြို့

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# လူမုန်းမခံနဲ့ ဟဲ့ကောင်တွေရဲ့

## [ တစ် ]

ပြောတော့သာ တိရစ္ဆာန်။ ကဗျာကျတော့ အတော်ဆန်တဲ့ သတ္တဝါတွေ ခင်ဗျ၊ ဟုတ်တယ်။ စုန့်သာမြိုင်က အကောင်ကြီးတစ်သိုက်ဟာ အစွယ်ကြီးတွေ တဖွေးဖွေးနဲ့ပေမဲ့ နွဲ့ဖို့လိုတဲ့အခါကျတော့လည်း လေသိမ်းတိုင်းနွဲ့တော့မတတ်ပါပဲ။ ကြည့်လေ၊ ဂျက်ကွမ်းခြံကုန်းလက်ထဲမှာ ရောက်နေတဲ့ တောဖိတ်စာ။

"မနောအလင်းရောင်များနဲ့ တောအကျဉ်းထောင်တံခါး ခေတ္တ ခဏ လှစ်ဟပွဲကြီး" ဆိုလား။

မနောက စိတ်။ အဲသည့်စိတ်ကို အလင်းနဲ့တွဲလိုက်တော့ ကောင်းမြတ်တဲ့ နှလုံးသားလို့ပဲ ဆိုကြပါစို့ရဲ့။ အဲသလို ကောင်းမြတ်တဲ့ နှလုံးသားတွေနဲ့ တောထဲမှာရှိတဲ့ ထောင်တံခါးကို ခေတ္တခဏယာယီ ဖျတ်ခနဲဆိုသလို ဖွင့်လှစ်ပေးမယ့်ပွဲဆိုလား။ အဲသည့်ဖိတ်စာကို စုန့်သာမြိုင်တောထဲက တိရစ္ဆာန်တွေ လက်ထဲကိုသာမကဘဲနဲ့ လူ့ရွာထဲကိုပါ ကျယ်ကျယ်ပြန့်ပြန့် ဝေငှထားခဲ့ပုံရပါလေသဗျ။

ထုံးစံအတိုင်းပေါ့။ ဆရာကြီးဂျက်ဆိုတဲ့လူကြီးရဲ့ လက်ထဲကိုလည်း

mgyoe.com

ယင်းၚင်းဖိတ်စာ ရောက်လာခဲ့တာပဲပေါ့။ ချိုးငှက်ကလေးတွေ လှောင်ချိုင့်ထဲကနေ ပျံထွက်နေတဲ့ ပုံကလေးတောင်ပါသေး။ စကြဝဠာအနန္တ သတ္တဝါအနန္တအဝိဇ္ဇာနဲ့ မကင်းသူ သတ္တဝါမှန်သမျှ လွန်ကျူးမိတဲ့ကိစ္စကြောင့် ပြစ်ဒဏ်ကျနေသည်များကိုတဲ့ ကရုဏာသက်မိပါသဖြင့် သဘောကြည်သာသူ တောလီဒါ (Leader) တစ်သိုက်က အစဉ်အလာမူများသဖွယ် မင်္ဂလာယူကာ လွှတ်ပေးလိုပါသည်ဆိုလား။ သို့ကလို စာသားတွေလည်း ဖိတ်စာထဲမှာ ပါပါရဲ့။

ထားပါ။ အဲသည့်ဟာတွေ။ ဖိတ်လာပြီဆိုတော့လည်း စိတ် ပါပါ၊ မပါပါ သိက္ခာကို ရှေ့တန်းတင်ပြီး သွားရပေမှာပေါ့။

မှန်းစမ်း။ အချိန်က မနက်ခင်း ဝေလီဝေလင်းတဲ့။ အချိန်ကောင်း အခါကောင်းကလေးပင် ဖြစ်ချေတော့ပေသည်တမုံ့။

[ နှစ် ]

စုံနံ့သာမြိုင်တောကြီးရဲ့ တစ်နေရာ ဦးသျှောင်မြေခွေးရဲ့ဂူနဲ့ မလှမ်းမကမ်းဆီမှာ တောအကျဉ်းထောင်ကလေးတစ်ခု ရှိလေသဗျ။ ထိပ်ဖျားချွန်ထားတဲ့ဝါးတွေကို အကြားအလပ် မရှိရလေအောင် မြေမှာစိုက်ပြီး ကာထားတဲ့ အကျဉ်းထောင်ပဲပေါ့။ အပေါ်ကနေ အုပ်မိုးထားတာကတော့ သံဆန်ခါကွက် ခပ်စိပ်စိပ်တွေပါ။ အဲသည် တောအကျဉ်းထောင်ကို အမြဲမပြတ်လှည့်ပတ်ပြီး စောင့်ဆိုင်းဝန်းရံနေကြတာကတော့ အစွယ်တဖွေးဖွေးနဲ့ ခွေးအ တွေပါပဲ။

အဲသည့်နေ့ကတော့ တောအကျဉ်းထောင်ရှေ့မှာ လူတွေရော၊ တိရစ္ဆာန်တွေရော စည်လှသဗျာ။ မနောအလင်းရောင်များနဲ့ တောအကျဉ်းထောင်တံခါး ခေတ္တခဏလှစ်ဟပွဲကြီး ကျင်းပပေးမယ်ဆိုတာကိုး။ အကြောင်းအမျိုးမျိုးနဲ့ တောအကျဉ်းထောင်ထဲမှာ ရောက်နေကြတဲ့ တိရစ္ဆာန်ကလေးတွေကို လွှတ်ပေးတဲ့အခါ ကိုယ့်အစုအဆေး ကိုယ့်အသိုက်အမြုံထဲက ဘယ်အကောင်တွေများ ပါလာလေမလဲဆိုတဲ့ မျှော်လင့်ချက်နဲ့ လာစောင့်နေကြတဲ့ တိရစ္ဆာန်ကလေးတွေပေါ့။ အဲ . . . နည်းနည်းကလေး ဆန်းတာက လူတချို့ပါ ရှိနေခဲ့ကြတာပါ။ ပြီးတော့ ရထား။ မြင်းခြောက်ကောင်

mgyoe.com

mgyoe.com

ဆွဲတဲ့ရထား။ လည်ဆံမွေးတဖွားဖွားနဲ့ နတ်မြင်းပျံကဲ့သို့ မြူးမြူးကြွား ကြွားရှိလှတဲ့ မြင်းကြီးခြောက်ကောင်ကတဲ့ ရထား။ ကနုတ်တွေ ယိုးဒယား ပန်းခက် အလိမ်အကောက်တွေနဲ့ ခြယ်သထားတဲ့ရထား။ ရထားအိမ်ရဲ့ ထောင့်လေးထောင့်မှာက ထီးဖြူလေးလက်မိုးလို့။ မြင်းရထားပေါ် လိုက်ပါ သူတို့ သက်သောင့်သက်သာရှိစေဖို့ရာ အလို့ငှာ မှီအုံးတွေကလည်း များမှ များ။ နံ့သာကတိုး အမျိုးမျိုးတို့နဲ့ မွေးသင်းကြိုင်လှိုင်နေတဲ့ မြင်းရထား။

မှတ်တမ်းတင်ဓာတ်ပုံတို့၊ ဗီဒီယိုတို့ရိုက်ကြမယ့်၊ သတင်း ဆောင်းပါး ဘာညာရေးကြမယ့် လူတွေ၊ တိရစ္ဆာန်တွေ ဆိုတာကလည်း ရှုရှု ရှရှနဲ့ပေါ့။

"ဟုတ်ကဲ့ . . . မင်္ဂလာပါ တိရစ္ဆာန်အပေါင်း၊ လူအပေါင်းတို့ . . . သဘောကြည်သာသူ တောလီဒါ (Leader) အကောင်ကြီးများရဲ့ စေတနာ ပြယုဂ်အဖြစ် တောအကျဉ်းထောင်တံခါး ခေတ္တခဏလှစ်ဟပေးမယ့် အစီ အစဉ် စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျာ"

ဝံပုလွေတစ်ကောင်က အနို့ကလို အသံချဲ့စက်ကနေ ကြေညာချက် လှစ်ဟလိုက်တဲ့အခါ ဘာသာဘာဝတိရစ္ဆာန်တို့ရဲ့ အသံမှန်သမျှ တိတ်သွား ကြလေသဗျ။ ကင်မရာကိုယ်စီအသင့်။ ဗီဒီယိုမီးတွေအဖွင့်။

"သဘောကြည်သာသူ တောလီဒါများက ဦးစွာလွှတ်ပေးဖို့ ဆုံးဖြတ် တာက သစ်တောက်ငှက်ကြီးပါပဲခင်ဗျ . . . သူဟာ သစ်ပင်ရဲ့ အခေါက်ကို သူ့နှုတ်သီးကြီးနဲ့ ခေါက်ခေါက်ပြီး ပိုးကောင်ကလေးတွေကို စားတဲ့ အတွက် သစ်တောဖျက်ဆီးမှုနဲ့ ထောင်ဒဏ်ဆယ်နှစ် အချခံထားရတဲ့ ငှက် ပါ . . . ယခု သူ့ကို လွှတ်ပါပြီ"

တိရစ္ဆာန်အပေါင်းရဲ့ ကောင်းချီးပေးသံ တောလုံးညံနေတဲ့အခိုက်မှာ ကိုပဲ သစ်တောက်ငှက်ကြီးဟာ ပိုးခနဲ ပျံထွက်သွားခဲ့ပါလေရဲ့။

"ယခုအခါ လွှတ်ပေးဖို့ ဆုံးဖြတ်ထားတာက ဖိုးရွှေယုန်ပါ။ သူဟာ ခြသေ့ရဲ့ မိသားစု . . . ဟိုတယ်ဆောက်ဖို့ ခြံစည်းရိုးကာထားတဲ့ အထဲက မုန်လာဥသုံးလုံးကို ဝင်စားတာကြောင့် တစ်သက်တစ်ကျွန်းကျနေတဲ့ ယုန် ပါ။ ယခု တောလီဒါများက သဘောကြည်သာစွာနဲ့ လွှတ်စေ သတ်မှတ် ကြောင်းပါ"

ခုန်ဆွ ခုန်ဆွနဲ့ ကဆုန်ချပြီး ပြေးထွက်လာတဲ့ ယုန်ကလေးကိုလည်း

mgyoe.com

mgyoe.com
မြင်ရော တိရစ္ဆာန်တွေက ဩဘာပေးကြပြန်ပါရဲ့။ ဩော် . . . တောထဲမှာပေါက်နေတဲ့ အပင်မို့ တောသားတွေစားဖို့လို့ ထင်ခဲ့ရှာတာကိုး။

"နွားမကြီးကြာဖြူကိုလည်း လွှတ်မှာပါဗျ။ မြေခွေးရဲ့ခယ်မ အိပ်နေတဲ့ အနားမှာ သေးတွေ တဖြစ်ဖြစ်ပေါက်ချလို့ လန့်နိုးသွားတာကြောင့် ဝတ္တရားနှောင့်ယှက်မှုနဲ့ အဆွဲခံထားရတာပါ။ လွှတ်လိုက်ပါပြီ ခင်ဗျ"

နွားမကြီးကြာဖြူကို လွှတ်ဆဲမှာ နွားတို့က သံပြိုင်ဘွတ်အဲလိုက်ပုံက ဘဝဂ်သို့ပင် တိုင်ပါလေပေါ့။

[ သုံး ]

တိရစ္ဆာန်ကလေးတွေကို တောအကျဉ်းထောင်ကနေ တစ်ကောင်ပြီး တစ်ကောင် လွှတ်ပေးနေတုန်းမှာ ကြားဖြတ်ပြီး မြေခွေးက မိန့်ခွန်းအနည်းငယ် လှစ်ဟသဗျ။

ဒီနေ့အခါမှာ သတ္တဝါတွေဟာ တစ်ကောင်တည်းနေလို့ မရဘူးတဲ့။ တစ်ကောင့်တစ်ကောင် အမှီသဟဲပြုနေရတာတဲ့။ အထူးသဖြင့် ညဏ်နိ ညဏ်နက် ညဏ်ရောင်စုံ လင်းလက်ပေသော လူသားတွေနဲ့ အမုန်းမပွားကြဖို့လိုတယ်တဲ့။ လူမုန်းမခံရစေနဲ့တဲ့။ ဒါလေးပါပဲ။ ပြီးတော့ ဝံပုလွေက လွှတ်သဘင်ကို ဆက်လက်ကြေညာပါတယ်။

"အဲ . . . အခုတစ်ခါကတော့ လူနဲ့တိရစ္ဆာန် အပြန်ပြန်အလှန်လှန် ချစ်ကြည်ရေးပါ။ တောထဲကို ခိုးဝင်လာကာ ဆင်ငါးကောင်ကိုသတ်ပြီး အစွယ်ဖြတ်မှု . . .၊ ရှားပါးကတ္တဝါငှက်ကြီး ဆယ်ကောင်ကို ခိုးမှု၊ တမလန်း အမျိုးအစား ကျွန်းပင်တစ်ထောင်ကို ခုတ်လှဲခိုးယူမှု အဲသဟာတွေကြောင့် ဖမ်းထားရတဲ့ လူငါးယောက်ရှိပါတယ်။ မနေ့က ဖမ်းထားတာပါ။ ခမျာမှား ပင်ပန်းလွန်းရှာလှပါပြီ။ ယခု လူနဲ့တိရစ္ဆာန် အပြန်အလှန်ချစ်ကြည်ရေးအရ လွှတ်ကြောင်းပါ"

အေးဗျာ။ ဘောင်းဘီရှည်တွေနဲ့။ လက်ကိုင်ဖုန်းတွေနဲ့။ လက်တောပ် ကွန်ပျူတာတွေနဲ့။ မြင်းခြောက်ကောင်က,တဲ့ ရထားကြီးပေါ် တက်သွားကြ တာများ ကြွားကြွားဝင့်ဝင့်။ ခြသေ့်မကလေးသုံးကောင်က လက်ဆောင် ခြင်းကလေးတွေ ကိုယ်စီနှင်းလို့။
mgyoe.com

mgyoe.com


လက်ဆောင်ခြင်းထဲမှာက တောအကျဉ်းထောင်ထွက် လူသားတွေအတွက် ပျားရည်လည်းပါရဲ့။ ဆိတ်ချိုနို့လည်းပါရဲ့။ စပါးကြီးသည်းခြေလည်းပါရဲ့။ တောကောင်သား အစိုအခြောက် မျိုးစုံလည်းပါရဲ့။ ကျားသားရေလည်း ပါရဲ့။ သိုးမွေးဆွယ်တာလည်းပါရဲ့။ မျောက်သွေးလည်းပါရဲ့။ ဇီဝဖိုးငှက်အန်ဖတ်လည်းပါရဲ့။

ဦးသျှောင်မြေခွေးတို့ ခေတ်ကြီးထဲမှာ တိရစ္ဆာန်နဲ့လူသား ချစ်ကြည်မှုတံတားကြီး ထိုးထည့်ပစ်လိုက်တာ။ ဘာပဲဖြစ်ဖြစ် ဂျက်ကတော့ သဘောကျသဗျ။ လူမုန်းမခံဘူးဆိုတဲ့ သဘောတရားကို ပြောတာပါ။ တိရစ္ဆာန်အချင်းချင်းကျတော့ ဘာပဲဖြစ်နေနေပေါ့။ မဟုတ်ဘူးလား။ ။

**7 Day Daily/ No.813/ August 2/ 2015**

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# လူဖြစ်တော့မှပဲ အာဇာနည်ရမှာတဲ့လား

## [ တစ် ]

ဩော် . . . ဆရာကြီးဂျက် ဆရာကြီးဂျက်။ ဟိုစပ်စပ် သည်စပ်စပ်နဲ့ အနေအထိုင် မတတ်လိုက်ပုံတွေများ။

နမ့်မှာငါးရာ ရင့်မှာတစ်ကျိပ်၊ ဂေါတမမြတ်စွာဘုရားရဲ့ အတိတ်က ဇာတ်လမ်းတွေထဲမှာ မဟာဥမင်္ဂလို့ အမည်တွင်တဲ့ မဟော်သဓာဇာတ်တော်ကြီး ဆိုတာကိုဖြင့် ကြားဖူးကြမယ်ထင်ပါရဲ့။

ဝိဒေဟရာဇ်တိုင်း မိထိလာပြည်မှာ ဝိဒေဟရာဇ်မင်းကြီးရဲ့ ပညာရှိသုခမိန်အဖြစ် အမှုတော်ကို ထမ်းရွက်သွားခဲ့တဲ့ မဟော်သဓာသတို့သား အကြောင်း ဇာတ်ဝတ္ထုပဲပေါ့။ မဟော်သဓာဆိုတာ အစက တောသားကလေး ရယ်ပါ။ ပါစီနယဝမဗျွဂိုးရွာသားကလေး။ နောက်တော့မှ ဘုရင့်ဆီရောက် ဘုရင်က မြှောက်စား၊ အိုး . . . အဲဒါတွေထားလိုက်ပါတော့။

လိုရင်းကို တိုတိုရှင်းရှင်းပြောရရင် မဟော်သဓာ ဘုရင့်ဆီရောက်တာ ဉာဏ်ကြောင့်ခင်ဗျ။ ပညာကြောင့်။ အမှုပြဿနာခုနစ်ခုကို သူရှင်းရတယ်လေ။ သားတစ်ကို စွန်ချီတဲ့ပြဿနာ၊ နွားခိုးတဲ့ပြဿနာ၊ မယားခိုးတဲ့

mgyoe.com

ပြဿနာ၊ ကလေးခိုးတဲ့ပြဿနာ၊ အကျယ်သိချင်ရင် ရှာဖတ်ပေါ့။ မဟော်သဓာက အဲသည့်ပြဿနာတွေကို ဉာဏ်နဲ့ရှင်းတာ။

အဲသဟာတွေပြီးသွားတော့ ဘာဖြစ်သတုံး။ ပညာစမ်းတာပေါ့။ နန်းတော်ကနေပို့လိုက်တဲ့ ပညာစမ်းခန်းဆယ်ခု။ ရှားသားအတုံးကို ဘယ်ကအဖျား ဘယ်ကအရင်း ခွဲခြားခိုင်းတဲ့ ပညာစမ်းပုံမျိုးတွေပေါ့။ ဆယ်မျိုး။ မဟော်သဓာက အေးအေးဆေးဆေးကို ဖြေရှင်းပစ်လိုက်တာ။ သိချင် ရှာဖတ်၊ ဤကားစကားချပ်။

ပြောရရင် ဂျက်ကွမ်းခြံကုန်း ဆိုသည်ကြီးကလည်း မဟော်သဓာနှင်နှင်များ ဖြစ်နေလေရော့သလား မဆိုတတ်ဘူးခင်ဗျ။

စုံနံ့သာမြိုင်က တိရစ္ဆာန်တွေက ထစ်ခနဲရှိ ဂျက်ဆီကိုပြေးလာပြီး ညှိကြလေတော့တာ။ အခုပဲ ကြည့်လေ။ အာဇာနည်ကိစ္စ တိုင်ပင်ဆွေးနွေးကြရန်အလို့ငှာ ဆိုလား။ သြော် . . . I am not မဟော်သဓာဆိုပေမဲ့လည်း ပြောမရတဲ့ လောကပါလားတမုံ့။

## [ နှစ် ]

ရှိလှ အလွန်ဆုံးနှစ်ရက်ပေါ့။ ဒါမှမဟုတ် သုံးရက်ပေါ့။ တောဦးသျှောင်မြေခွေးကို ဝန်းရံနေတဲ့ စုံနံ့သာမြိုင်ရဲ့ အကောင်ကြီးတွေထဲက ခြသေ့်တစ်ကောင် အနိစ္စရောက်တယ်လေ။ အဲ . . . တစ်ဆက်တည်းဆိုသလိုပဲ ခင်ဗျ။ ခြသေ့်ကို တိရစ္ဆာန်အာဇာနည်ကြီးအဖြစ် သတ်မှတ်သင့်တယ်ဆိုတဲ့ အသံတွေရော၊ ဘာဆိုင်လဲကွဆိုပြီး ပွစိပွစိဖြစ်လာတဲ့ အသံတွေရော တောကိုလျှံပြီး ထွက်လာတဲ့အခါ နားပါးသူ ဂျက်ကွမ်းခြံကုန်းကြီးက ကြားမိပေတာပေါ့။ အနို့သော် တောပြဿနာ တောမှာနေတဲ့တိရစ္ဆာန်တွေ ရှင်းကြဆိုတဲ့သဘောမျိုးနဲ့ ဂျက်က မျက်စိကန်း၊ နားပင်း လုပ်နေမိခဲ့တာ။

ဘယ်လိုလုပ်ရပါ့မလဲ။ မရလို့လည်း လာခေါ်တဲ့နောက်ကို ကောက်ကောက်ပါအောင်လိုက်ပြီး အာဇာနည်ပြဿနာကြီးထဲ ဂျက် ရောက်ခဲ့ရတာ။

သွားလေသူ ခြသေ့်ဟာ အာဇာနည်ဟုတ်၊ မဟုတ်။

mgyoe.com

mgyoe.com

## [ သုံး ]

"နေဦး . . . ကျုပ်ပြောမယ်။ ခြသေ့်ဟာ အာဇာနည်ပါလို့ ဘယ်တိရစ္ဆာန်က အဆိုပြုတာလဲ အဲဒါသိချင်တယ်"

"ဘယ်အကောင်မှ မဟုတ်ဘူး။ ကျုပ်။ ဆရာကြီးဂျက်ရဲ့ ကျုပ်"

ဩော် . . . ဝံပုလွေက မဆိုင်းမတွဆိုသလိုပဲ ရိုင်းရိုင်းပျပျနဲ့ ထပြောလေသဗျ။

"အနို့ တောရဲ့ဦးသျှောင်တွေကကော . . . အဲသဟာကို ဘယ့်နှာသို့ သဘောထားကြပါလိမ့်"

ဂျက်က သို့နှယ် ဆက်မေးလေတဲ့အခါ တောဦးသျှောင်မြေခွေးကိုယ်တိုင်ကကိုပဲဝင်ပြီး ပြောလာခဲ့တော့လေတာပါ။

"သဟာကတော့ ဂျက်ရယ် ကိုယ့်အကောင်တွေထဲက ဘယ်အကောင်ပဲ အာဇာနည်ဖြစ်ဖြစ် . . . တကယ်ဖြစ်ရင်တော့ ဝမ်းသာရမယ့်ကိစ္စပါ"တဲ့။

လွန်လေပြီးသော သုံးရက်လောက်က အနိစ္စရောက်သူ ခြသေ့်ကို အာဇာနည်တိရစ္ဆာန်ကြီးအဖြစ် သတ်မှတ်ဖို့ရာ အဆိုပြုသူ တိရစ္ဆာန်တွေက တစ်စု၊ ရာရာစစကွာဆိုပြီး မကျေနပ်သူ တိရစ္ဆာန်တွေကလည်း ဟိုနား စုစု၊ သည်နား စုစု။

ဝံပုလွေကတော့ အရိုးအရင်းမှန်သမျှ သူ့ကိုချည်းပဲ စွန့်ရှာတော်မူတဲ့ ခြသေ့်ဓာတ်ပုံကြီးကို မော့မော့ကြည့်ကာ အလေးပြုလိုက်၊ တောလုံးညံအောင် အူလိုက်၊ တကယ့်အာဇာနည်ပါဗျာလို့ ပြောလိုက်။

"အများအတွက် ကိုယ့်အသက်ကို စွန့်လွှတ်သွားသူကိုမှ လူ့လောကမှာ အာဇာနည်ခေါ်သဗျ၊ အင်္ဂလိပ်လို မာတာ (Martyr) တဲ့"

ဂျက်က အလေးအနက်ပုံစံ ဖမ်းလိုက်လို့ ထင်ပါရဲ့။ နာရေးဖြစ်တဲ့ ခြသေ့်ရဲ့ ဂူအပေါက်ဝရှေ့မှာ စုရုံးနေတဲ့တိရစ္ဆာန်တွေ ခပ်တည်တည် ဖြစ်ကုန်ကြပါတယ်။

"ဥပမာပြောရရင် လူ့ရွာက ဗိုလ်ချုပ်အောင်ဆန်းလို လူတွေပေါ့ဗျာ"

ဗိုလ်ချုပ်အောင်ဆန်းဆိုတဲ့ နာမည်ကိုကြားလိုက်လို့ ထင်ပါရဲ့။ ဝံပုလွေက နားရွက်ထောင်သွားပါတယ်။ ကျန်တဲ့အကောင်တွေလည်း အတူတူပေါ့။

mgyoe.com

"သြော် . . . သိပြီ အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း . . . အဲဒီ့ သူက သွေးအလူးလူးနဲ့ ဆုံးရတာ မဟုတ်လား"

"ဟုတ်တယ်လေ ဘာဖြစ်လို့လဲ"

"ကျုပ်တို့ဆရာခြသေ့ကလည်း သွေးအလူးလူးနဲ့သေတာပါ ခင်ဗျ"

အဲသည့်မှာ ဂျက်က ရှင်းရပါပြီ။ ဗိုလ်ချုပ်အောင်ဆန်းတို့က လွတ်လပ်ရေး ကြိုးပမ်းစဉ် မသမာသူတို့ရဲ့ လုပ်ကြံမှုကြောင့် ကျဆုံးရတဲ့အကြောင်း၊ ခြသေ့က တောထဲမှာ ဒေါင်းတွန်သံတွေ ဆူညံလှချည်ရဲ့လို့ ဆိုကာ ဒေါင်း မှန်သမျှ လည်မျိုခဲမကွဆိုပြီး ထွက်အလိုက်မှာ ချောက်ကမ်းပါးက ပြုတ် ကျပြီး ဇက်ကျိုးသေတာ ဖြစ်တဲ့အကြောင်း၊ ဒါကြောင့် အာဇာနည် တိရစ္ဆာန် မဖြစ်နိုင်တဲ့အကြောင်း။ အဲသလို ဂျက်က ရှင်းရတာပါ။

"အဲ . . . အခုမှ အတွေးထဲပေါ်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ဆုံးတုန်းက ရာသီဥတုအနေအထား" တဲ့။

ဝံပုလွေရဲ့ ထပ်ဆင့်မေးခွန်းပါ။ ဂျက်က မဆိုးပါဘူး။ ရုတ်ခြည်း ဖြေ ထည့်လိုက်မိပါတယ်။

"စနေနေ့ . . . မိုးတဖွဲဖွဲ ရွာနေတယ်" လို့။

ဝံပုလွေက အသံနက်ကြီးနဲ့ ဟုတ်ပါပြီဗျာ ဟုတ်ပါပြီတဲ့။ ဆရာ ခြသေ့၊ ဒေါင်းတွေကို ဒေါကန်ပြီးအလိုက် ချောက်ကမ်းပါးက ပြုတ်ကျသေတာ လည်း မိုးတဖွဲဖွဲရွာနေတုန်းဗျတဲ့။

"ဆရာကြီးဂျက်ရာ အဆွေတို့လူတွေက ဗိုလ်ချုပ်အောင်ဆန်းတို့ ကွယ်လွန်စဉ်က မိုးတဖွဲဖွဲရွာနေသလို ကျုပ်ဆရာခြသေ့ ချောက်ကမ်းပါး ကနေ သောက်ရမ်းတရားတွေနဲ့ ပြုတ်ကျသေတုန်းကလည်း မိုးတဖွဲဖွဲဗျ။ သွားပြီးဆင်နေလေရဲ့ ဗျာရယ်။ ဒါကြောင့် အာဇာနည်တိရစ္ဆာန်ကြီးအဖြစ် သတ်မှတ်တယ်ဗျာတဲ့"

ကြည့်စမ်း။ ဝံပုလွေက သူ့ဆရာ သွားလေသူခြသေ့ အာဇာနည် ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့မူနဲ့ ဇွတ်တွန်းပြီး ပြောနေခဲ့တာ။ အနစ်နာခံတာတွေ၊ ကိုယ်ကျိုးစွန့်တာတွေ၊ ကိုယ်ကျင့်တရားကောင်းတာတွေ၊ ရိုးသားဖြောင့် မတ်တာတွေ၊ ကရုဏာတရားကြီးမားတာတွေ၊ မာန်မာနမရှိတာတွေ မတူ ရင်လည်း ရှိပါစေတော့တဲ့။ မိုးဖွဲဖွဲကလေးကျနေတုန်းမှာ အသက်သေဆုံး

mgyoe.com

mgyoe.com

ခဲ့ရပုံကဖြင့် လူအာဇာနည်ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့ တော်တော့်ကိုမှ သွားပြီးဆင်တူနေခဲ့ပါလေသတဲ့။ ဒါကြောင့် သွားလေသူခြင်္သေ့ကြီးကို အာဇာနည်အဖြစ် သတ်မှတ်လိုပါသတဲ့။

"ဟုတ်တော့လည်းဟုတ်ပါတယ်၊ အဆွေဝံပုလွေရယ်။ တိရစ္ဆာန်ထဲမှာလည်း အာဇာနည်တော့ ရှိသင့်ပါတယ်။ တောမူအရ သဘောတူမျှရင် ပေးလို့ဖြစ်ပါတယ်။ အနို့သော် လူတွေနဲ့ကွဲအောင် အာဇာနည်နောက်မှာ ကွင်းစကွင်းပိတ်နဲ့ တိရစ္ဆာန်ဆိုတာကလေးတော့ ထည့်မှထင်ရဲ့"

မဆိုးဘူးဗျ။ ဂျက်ပြောတာကို တောဦးသျှောင်များနဲ့တကွ ခြင်္သေ့ရဲ့ တပည့်အရင်းခေါက်ခေါက် ဝံပုလွေတို့က လက်ခံပါတယ်။ အဲသည့်နောက်ပိုင်း တောကောင်တွေ စုဝေးတဲ့ပွဲတွေမှာ

"အားလုံး သတိ အာဇာနည် . . . ကွင်းစ တိရစ္ဆာန် . . . ကွင်းပိတ် ခြင်္သေ့ကြီးအား အလေးပြု" ဆိုပြီး လုပ်တိုင်း ဂျက်ကွမ်းခြံကုန်းကြီး ပြုံးဖြဲဖြဲ လုပ်မိတာကတော့ အမှန်ခင်ဗျ။ တိရစ္ဆာန်တွေ မသိစေနဲ့ဦး။ ။

7 Day Daily/ No.820/ August 9/ 2015

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# ကိုက်တတ်ရင် ပြီးတာပါပဲ

## [ တစ် ]

တိုက်တိုက်ဆိုင်ဆိုင်ဆိုမှ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ကြီးပါပဲ ဗျာတို့ရယ်။ နွားအုပ်ကြီးရဲ့ နံဘေးနားဆီမှာ ဂျက်က အေးအေးလူလူထိုင်ပြီး နွားတွေနဲ့ စကားစမြည်ပြောနေဆိုနေတဲ့ အချိန်ကြီးခင်ဗျ။ တောခွေး က လက်ထဲမှာ အမိန့်ကြော်ငြာ စာရွက်တစ်ရွက်ကိုကိုင်ပြီး ရောက်လာခဲ့တာပါ။

နေဦး ပြောဦးမယ်။ အဲသည့် မနက်ခင်းက စုံနံ့သာမြိုင်မှာ မိုးကလေး လေကလေးကဖြင့် တော်တော့်ကို ကင်းတဲ့မနက်ခင်းပါ။ နေကလေးက မလင်းတလင်း။ လေကလေးက မညင်းတညင်း။ ရေတွေဖွေးနေတဲ့ လယ်ကွင်းကြီးတွေက ဟိုးအဝေးက တောစပ်စပ်တွေဆီအထိရောက်အောင် တစ်မျှော်တစ်ခေါ် လယ်ကန်သင်းတွေနဲ့ပေါ့။ ထွန်တဲ့ယက်တဲ့လုပ်ငန်းတွေ ပြီးစီးကာ စိုက်တဲ့ပျိုးတဲ့လုပ်ငန်းတွေတောင်မှ လက်စသတ်ထားခဲ့ပြီမို့ နွား ကြီးတွေ အလုပ်ပါး အလုပ်နားတဲ့ ရာသီပါ။ အဲဒါကြောင့် အာဂန္တု ဂျက်နဲ့ အတူ လယ်ကွင်းကြီးတွေရဲ့အစပ်က ပုပျပ်ပျပ် သရက်တောဝိုင်းကလေးရဲ့ အောက်မှာ စိတ်အေးလက်အေး စကားဝိုင်းဖွဲ့ခွင့်ရကြတာပါ။ ထွန်ရေး

mgyoe.com

mgyoe.com

ယက်ရေး၊ စိုက်ရေးပျိုးရေး ဆွေးနွေးလို့မှ စကားမဆုံးတတ်သေးခင်မှာ တောခွေးတစ်ကောင် ပေါက်ချလာတာပါ။ ခုနက ပြောထားခဲ့ပြီးပြီလေ။ လက်ထဲမှာ ကြော်ငြာစာရွက်တစ်ရွက်နဲ့လို့။

"အို . . . အဆွေနွားတို့၊ ကျုပ်က စုံနံ့သာမြိုင် ဆန်စပါးထုတ်လုပ်ရေး လုပ်ငန်းအတွက် တာဝန်နဲ့ရောက်လာတာပါ"တဲ့။

ကြည့်စမ်း။ နွားအကောင်ကောင်ဟာ အကုန်လုံးကို ကြောင်တက်တက် ကြီးတွေ ဖြစ်ကုန်ကြတော့တာပါ။ ဂျက်လည်း ကြောင်တာပေါ့။ ဘယ့်နှယ် ဗျာ။ လယ်ယာမြေမှာ ဆန်စပါးထုတ်လုပ်တဲ့ကိစ္စ တောခွေးက တာဝန်နဲ့ ဆိုပြီး ရောက်လာရတယ်လို့။ အခြေအနေကို တောခွေးက သဘောပေါက် ပုံရပါတယ်။

"ဟောသမှာ . . . စာရွက်ရိုးရိုးမဟုတ်ဘူး အမိန့်" တဲ့။

မှန်းစမ်း။ စာတတ်ပေတတ်ဖြစ်သူ ဂျက်က လက်မြန်ခြေမြန် လုလင်ပျို ဆန်ဆန်နဲ့ တောခွေးလက်ထဲက စာရွက်ကို ဆတ်ခနဲဆိုသလို ဆွဲယူကြည့် လိုက်တော့ တောတံဆိပ်ထုပြီး မြေခွေးမင်းလက်မှတ်ထိုးထားတဲ့ အမိန့် ကြော်ငြာချက်ပေကိုး ခင်ဗျ။

စုံနံ့သာမြိုင် ဆန်စပါးထုတ်လုပ်မှုလုပ်ငန်းမှာ တောခွေးကို ညွှန်ကြား ရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်ကြောင်းဆိုတဲ့ အမိန့်ကြော်ငြာ ချက်။

ဘယ့်နှာသို့ စီမံခန့်ခွဲမှုကြီးပါလိမ့်။ လယ်ယာမြေအကြီးအကဲက တောခွေးတဲ့။

တောခွေးက ဂျက်ဖတ်ပြီးတဲ့ အမိန့်ကြော်ငြာစာရွက်ကို ပြန်ယူပြီးတဲ့ အခါ အမြီးကို လေးငါးချက် နှန့်လိုက်ပါတယ်။ ပြီးတော့ နှုတ်ဆက်ပါ တယ်။ နောင်မှပြန်လာမယ်တဲ့။ တာဝန်ရှိသူဖြစ်ကြောင်း လာမိန့်ကြား ခြင်းမျှသာပါတဲ့။

"ဒါဟာ တစ်နေရာတည်းဟုတ်ပုံမရဘူး"

ဂျက်သာမက နွားကြီးတွေကပါ အနို့ကလို ကောက်ချက်ချမိကြ ပါတယ်။ ဒါ့ကြောင့် နွားတွေရှိရာဆီကနေ ဂျက် လှည့်ထွက်လာမိခဲ့ပါ ရော။

mgyoe.com

[ နှစ် ]

ပညာရှိများတွေးကြည့်ရင် ပြေးကြည့်တာထက်မှန်တယ်ဆိုတဲ့ စကားက မှန်ပုံရသဗျ။ ဂျက်ထင်တဲ့အတိုင်းပါပဲ။

ငှက်တွေမှ အမျိုးကိုစုံလို့။

ဟသ်ာသောင်တင်း ပိန်ညင်းစင်ရော်၊ ငှက်တော်ကြိုးကြာ၊ သာရကာနှင့် တမာကြက်တော၊ ဥသြငှက်ကျား၊ ငှက်ငန္ဒားလည်း၊ ဝပ်တွား ဘီလုံး၊ ရွှေငုံး ချိုးခါဆိုတဲ့ ရှင်ဥတ္တမကျော်ရဲ့ တောလားကြီးထဲမှာပါတဲ့ ငှက်တွေပေ့ါ။

အဲသည့်အပြင် ရှင်မဟာရဋ္ဌသာရရဲ့ ရွှေစကက်တော်သွားတောလား ကြီးထဲက လင်းဝက်၊ ချိုး၊ ငှက်ခါး၊ သိမ်းငှက်၊ စွန်၊ လင်းမြီးဆွဲ၊ ကျီး၊ ခါ၊ ဘုတ်၊ ဒေါင်း၊ သစ်တောက်၊ ဖိုးခေါင်၊ ချိုးလည်ပြောက်၊ ချိုးလင်းပြာ အဲသည့်ငှက်တွေလည်း ပါသပေ့ါ။ Birds of Burma, Birds of Myanmar အဲသည့်ဘုတ်အုပ်တွေထဲပါတဲ့ ငှက်တွေလည်း ပါသပေ့ါ။ တောတစ်နေရာမှာ ငှက်မျိုးစုံစွာနဲ့ ငှက်သဘင်ကြီးကျင်းပနေတဲ့ အတိုင်းပါပဲဗျာ။

အနို့ကလို သို့လို ငှက်ပေါင်းစုံစွာရဲ့ကြားထဲမှာ မားမားကြီးရပ်နေတဲ့ ငှက်ကြီးက ငှက်ကြီးဝံပိုပါ။ လက်ထဲမှာ စာရွက်တစ်ရွက်ကိုင်လို့။ စာပါ အကြောင်းအရာတွေကို ဖတ်ပြပြီးခါစမို့ထင်ပါရဲ့၊ အပင်ပေါ် အပင်အောက် ရှိရှိသမျှငှက်တွေဟာ တိတ်ဆိတ်လို့။ အလွန် စကားများပါတယ်ဆိုတဲ့ စာကလေးတွေ၊ ဆက်ရက်ငှက်တွေတောင်မှ တေမိ။ ဘာမှမပြောကြတော့။

ခုနက နွားတွေဆီကို ရောက်တယ်ဆိုတဲ့ အမိန့်ကြော်ငြာစာရွက်မျိုး ငှက်ကမ္ဘာထဲကို ရောက်လာတာပါပဲ။

အမိန့်စာယူလာသူက ဝံပုလွေ။ ဝံပုလွေက အမိန့်စာကို ပြန်ယူမသွားဘဲ ထားတောင်မှ ထားပစ်ခဲ့တာပါ။

ပေးစမ်းဗျာလို့ဆိုကာ ငှက်ကြီးဝံပိုလက်ထဲကစာကို လှမ်းယူကာ ဂျက် ခပ်မြန်မြန် ဖတ်ကြည့်မိပါရဲ့။

"တောဦးသျှောင်အဖွဲ့၏ ညှိနှိုင်းဆုံးဖြတ်ချက်အရ ယခု အမိန့်စာနှင့် အတူ ရောက်လာသည့် ဝံပုလွေအား ကျေးငှက်သာရကာ ပျံသန်းသွားလာမှု ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်လိုက်သည်ဆိုပါလား"

သိပြီးသားဖြစ်သော်လည်းပဲ ဂျက်က ဌာန်ကရိုဏ်းကျကျ အသံထွက်ပြီး

mgyoe.com

mgyoe.com


ဖတ်ပြတဲ့အခါ ငှက်တွေက ထပ်ပြီး နားစွင့်ကြလေသဗျ။

အတောင်မပါတဲ့ အကောင်မသာ ဝံပုလွေကို ငှက်ပိုင်းဆိုင်ရာ ညွှန်ချုပ်ဆိုတာကြောင့် အကျွန်ကျွန်ုပ်က အံ့သြနေမိတာပါခင်ဗျ။

သို့စဥ်အခိုက်မှာကိုပဲ မအံ့သြနဲ့နှောင်ကြိုးဂျက်ရေ . . . မအံ့သြနဲ့ ဆိုပြီး အသံကြားလိုက်မိတာကြောင့် အသံလာရာဘက်ဆီ လှမ်းကြည့်မိလိုက်တော့ ရေမြင်းကြီး။ မလှမ်းမကမ်းဆီက စုံနံ့သာမြိုင်မြစ်ထဲက တက်လာလို့ ထင်ပါရဲ့ ရေတွေရွှဲနစ်လို့။ သူ့ကိုယ်လုံး မည်းညစ်ညစ်ကြီးပေါ်မှာ ဖျံကလေးနှစ်ကောင်က ထိုင်လို့။

"မနက်က ခွေးအတစ်ကောင်ရောက်လာပြီး ကျုပ်တို့ ရေထဲကသတ္တဝါတွေကို အမိန့်စာတစ်ရွက်ပြသဗျ။ စုံနံ့သာမြိုင်လုံးဆိုင်ရာ အဏ္ဏဝါဗေဒဖွံ့ဖြိုးမှုစီမံကိန်းမှာ အမှူဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူလုပ်ဆောင်သွားမယ်ဆိုလား ကုန်းပေါ်ကအကောင်က ရေထဲမှာ ခေါင်းဆောင်မတဲ့"

ရေမြင်းစကားက ဂျက်အတွေးနဲ့ ကွက်တိ။

## [ သုံး ]

အိုင်းစတိုင်းကို အစ္စရေးမှာ သမ္မတလုပ်ဖို့ ကမ်းလှမ်းတော့ ငြင်းသဗျ။ ရူပဗေဒသမားမို့ သမ္မတအလုပ်နဲ့မဆိုင်ပါတဲ့။

အခု တောခွေးက လယ်တောထဲမှာ မာစတာ (Master)၊ ငှက်ကမ္ဘာမှာ ဝံပုလွေက ဆရာသမား၊ ရေပြင်တစ်လွှားကျတော့ ခွေးအက ဆရာတစ်ဆူတဲ့။ မြေခွေးဟာ အဘယ်မူနဲ့များ တောကို စီမံခန့်ခွဲနေပါလိမ့်။

"ကျုပ်ကောင်တွေက ကိုက်တတ်တယ်လေဗျာ"တဲ့။

ကြည့်စမ်း။ မြေခွေးက ချမှတ်ထားတဲ့မူ။ ကိုက်တတ်သူဆိုရင် တောမှာဘာမဆို စီမံခန့်ခွဲနိုင်လေသတဲ့။ ဒါ့ကြောင့်များ တိရစ္ဆာန်ကမ္ဘာက ရှေ့ကိုဆက်ပြီး တက်မလာတော့တာများလား။

ကဲပါလေ။ ကိုက်တတ်သူတွေပဲ ရွေးတာကို သွားပြီးအပြစ်တင်နေမိတယ်။ သူကိုယ်တိုင်ကလည်း ကိုက်တတ်သူပဲဥစ္စာ။ ။


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# မြေခွေးက ခင်တတ်တယ်

## [ တစ် ]

လင်းနို့ခွန်တောင်းရင် ကြွက်ယောင်ဆောင်ပြီး ကြွက်ခွန်တောင်းတော့ လင်းနိုးယောင်ဆောင်တယ် ဆိုတဲ့စကားဟာ သိပ်ပြီးတော့ တာသွားတာပဲ။ ဟုတ်တယ်လေ။ လင်းနို့ဆိုရင်လည်း လင်းနို့၊ ကြွက်ဆိုရင်လည်း ကြွက် တစ်ခုခုဘက်ကနေ ပြတ်သားရပေမှာပေါ့။ အခွန်မဆောင်ချင်တာကြောင့် ဟိုအကောင်လိုလို ဒီအကောင်လိုလိုနဲ့ လုပ်နေတာမျိုးကတော့ တိရစ္ဆာန် လောကမှာ အလွန်ဇယားရှုပ်ပါတယ်။

ကုန်းဘောင်ခေတ်က ကဗျာဆရာတစ်ဦးဖြစ်တဲ့ "မောင်ထွား" က သူ့ရဲ့ အဲချင်းကဗျာတစ်ပုဒ်ထဲမှာ "ယုန်ဖြစ်လျှင် ယုန်ယောင်၊ ကြောင်ဖြစ်လျှင် ကြောင်ပါရော့"လို့ ရေးခဲ့ဖူးသေးလေသပေါ့။ အဓိပ္ပာယ်ကတော့ ရှင်းပါ တယ်။ ယုန်လိုလို ကြောင်လိုလို လုပ်မနေနဲ့ပေါ့။ မထွေးနဲ့။ မရှုပ်နဲ့။ မတွေ နဲ့။ မထွေနဲ့။ သည်သဘောပါပဲ။

ဟုတ်ပါရဲ့။ ပြတ်သားတယ်ဆိုတာ ဘယ်နေရာဖြစ်ဖြစ်၊ ဘယ်အခါ ဖြစ်ဖြစ်၊ ကောင်းတဲ့လက္ခဏာပါပဲ။

စုံနံ့သာမြိုင်တောကြီးထဲက တိရစ္ဆာန်လောကမှာ အဲသည့် စည်းကမ်း

mgyoe.com

mgyoe.com


ဥပဒေကလေး ထုတ်ထားတယ်ဆိုတဲ့ သတင်းကို ကြားတဲ့အခါ ဂျက်ကွမ်းခြံကုန်း သိပ်သဘောကျတာပဲ။ ဩော် . . . တိရစ္ဆာန်တွေလို့ ဆိုသော်လည်းပဲ မခေကြပါကလားပေါ့။ ရှင်းရှင်းလင်းလင်း ရှိကြပါကလားပေါ့။

စုံနံ့သာမြိုင်တောကြီးမဟာကို ဦးဆောင်ဦးရွက်ပြုဖို့ တာဝန်ယူရတဲ့ တိရစ္ဆာန်တစ်ကောင်ကောင်ဟာတဲ့ ယင်းငှင်းအနို့တာဝန်ကို ယူဆောင်နေရလေသော အခါသမယမှာတဲ့ တောတိရစ္ဆာန်များ ဖွဲ့စည်းထားသည့် အဘယ်မည်သော တိရစ္ဆာန်အဖွဲ့အစည်းတွင်မှ ပါဝင်ပတ်သက် ထွေးရောယှက်တင် ဆက်ဆံနေထိုင်ခြင်း မပြုရပါတဲ့။ ပြတ်တယ်။ အဲသဟာ ကောင်းတာပေါ့။

လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ဦးဆောင်တဲ့သတ္တဝါဟာ အလယ်မှာပဲ နေရမှာပေါ့။ မယိမ်းမယိုင် ကျောက်စာတိုင်နှယ် ခိုင်မတ်ရပေမှာပေါ့။ "ကြား" ကျရပေမှာပေါ့။

အခု ဦးသျှောင်မြေခွေးက တောဦးသျှောင်အဖွဲ့ထဲမှာပါတဲ့ အကောင်တွေ အဘယ်တိရစ္ဆာန်ဂရုပ် (group) နဲ့မှ မပတ်သက်ရလို့ အော်ဒါ (order) အမိန့် ထုတ်ပြန်လိုက်တာဟာဖြင့် တိရစ္ဆာန်နဲ့မမျှအောင် သဘောထားကြီးကြပါပေတယ်လို့ ဆေးနီးချုပ်စပ်မှာ သတင်းရနံ့ သင်းပျံ့တုံလှိုင် ကြိုင်ကြိုင်မွှေးလို့ နေခဲ့ပေတာပ။

အဲဒါနဲ့ပတ်သက်လို့ ဂျက်ကွမ်းခြံကုန်းရဲ့ သဘောထားကို လာစေ့ငုတော့လည်း သာစုလို့သာ ဆိုရပေမယ်မဟုတ်လား အရပ်ကတို့ငဲ့လေ။

## [ နှစ် ]

အတော့်ကို စကားတည်တဲ့ တိရစ္ဆာန်ကြီးတွေပါပဲဗျာရယ်။

တစ်ရက်မှာ ငှက်ညီလာဆိုလား ကျင်းပကြသတဲ့ခင်ဗျ။ နံပြီစုတ်ငှက်ကလေးကနေ ငှက်ကြီးဝံပိုတို့၊ ငှက်ငန်းတို့အထိ ပါတဲ့ ငှက်ညီလာသဘင်ပွဲတော်ကြီးပေါ့။ ငှက်အပေါင်းထုကြီးရဲ့ ဘဝသာယာရေးအပြင် နောက်တစ်ခါရွေးချယ်မယ့် တောဦးသျှောင်အဖွဲ့ဝင်တွေထဲမှာ ငှက်တွေသာမက တခြားတခြားသော တိရစ္ဆာန်တွေကပါ တော်တော်လေးသဘောကျတဲ့ ဒေါင်းမကလေးရဲ့ မိန့်ခွန်းကို နားထောင်ကြဖို့တဲ့။ ငှက်သမဂ္ဂက ဦးစီးပြီး

mgyoe.com

mgyoe.com


လုပ်တာ။

ဖိတ်တာပေါ့ဗျာရယ်။ ဖိတ်တာပေါ့။ တောဦးသျှောင်မြေခွေးကို အမှူးပြုကာ ငှက်ညီလာကို ကြွရောက်လာကြဖို့အကြောင်း တောလီဒါ (Leader) တစ်စုကို သဘောကြည်သာမှုနဲ့ ဖိတ်ကြားခဲ့ကြလေတာပေါ့။ မြေခွေးက . . .

"အမြင်ရှင်းအောင် ဟင့်အင်းလို့ ဆိုပါရစေ" တဲ့။

မလာကြဘူးခင်ဗျ။ ဧည့်သည်တော် ဂျက်၊ မြေခွေးဦးဆောင် တောဦးသျှောင်တစ်သိုက်ကို တော်တော့်ကို လေးစားသွားခဲ့မိတာပါ။ တောထဲက အုပ်စုအသီးသီးနဲ့ ရှင်းအောင်နေတဲ့ မူဝါဒပေပဲပေါ့။ ငှက်ညီလာကို သူတို့ မလာခဲ့ကြလေပါဘူး။

နောက်တစ်ခါ ညီလာခံကျပြန်တာကတော့ သက်သတ်လွတ် တိရစ္ဆာန်ကလေးတွေရဲ့ပွဲပါ။ တစ်နည်းပြောရရင် အသီးအရွက်စားတဲ့ တိရစ္ဆာန်ကလေးတွေပေါ့။ ထုံးစံအတိုင်း ယုန်ပါသပေါ့။ နွားပါသပေါ့။ မြင်းပါသပေါ့။ သမင်ပါသပေါ့။ ဒရယ်ပါသပေါ့။ ကရုဏာအခြေခံ တိရစ္ဆာန်များသမဂ္ဂတဲ့။

ဂျက်ရောက်သွားခဲ့တာပေါ့။ ဘယ့်နှယ်။ ကိုယ့်ကိုလေးစားလွန်းလို့ ဖိတ်တဲ့ဥစ္စာ။ သင်္ဘော၊ ပိန္နဲ၊ ငှက်ပျော၊ သရက်၊ သြဇာ၊ မာလကာ၊ လိမ္မော်၊ ကတွတ်၊ ကြက်မောက်၊ ကျွဲကော၊ ဒူးရင်း၊ အသီးအနှံတွေက နိုင်းချင်းခင်ဗျ။ ကျွဲနို့၊ နွားနို့၊ မြင်းနို့၊ ဆိတ်နို့သောက်ဖို့ အထွေထွေမှာ ပျားရည်တောင်မှ ပါလိုက်သေး။ ကရုဏာအခြေခံ တိရစ္ဆာန်များသမဂ္ဂရဲ့ ညီလာခံမှာ ဧည့်ခံတာကို ပြောတာပါ။

ဦးသျှောင်မြေခွေးတို့ အကောင်တစ်သိုက်ကို ဂျက် မျှော်လိုက်ရတာ။ တစ်ကောင်တစ်မြီးမှ ပေါ်မလာကြဘူးလေ။ သြော် . . . အဘယ်အုပ်စုနဲ့မှ မရောဘူးဆိုတဲ့ သန္နိဋ္ဌာန်ကို ခိုင်မာပြတ်သားစွာ ချထားလေပြီပေါ့လို့ဆိုတာ လေးစားသမှုကဲခဲ့ရပြန်ပါရဲ့။

မှတ်မိသေးတယ်။ တွားသွားသတ္တဝါများအစည်းအရုံးက လုပ်တဲ့ပွဲ။ ဖွတ်ရယ်၊ ပုတတ်ရယ်၊ ပုတ်သင်ညိုရယ်၊ ကင်းလိပ်ချောရယ်၊ အိမ်မြှောင်ရယ်၊ တောက်တဲ့ရယ်၊ ပြီးတော့ နာယက မိကျောင်းကြီးရယ်။ အဲသည့်ပွဲ

mgyoe.com

mgyoe.com


ကိုလည်း မြေခွေးဦးသျှောင်တို့အဖွဲ့ အနားကိုသော်မှ သီသီကလေးတောင် ဝေ့မလာကြပါဘူးဗျာ။ သြော် . . . အခြေခံအောင် အနေသန့်ခဲ့ကြပြီ ထင်ပါရဲ့။

ဂျက်လေ . . . လေးစားသမှုနဲ့အတူ အဘယ်မည်သော တိရစ္ဆာန် ဂရု(ပ်) (group) ရဲ့ပွဲမှာမှ ရှင်းအောင်နေသူ တိရစ္ဆာန်ကြီးတွေကို မမျှော်တော့တာ အမှန်ခင်ဗျ။

[ သုံး ]

အခုရက်တွေထဲမှာ နောက်တစ်ပွဲအဖြစ် တက်ခဲ့ရပြန်တာက အစွယ်ရှိ တိရစ္ဆာန်များ အားမာန်တိုးတက်ရေးအသင်းရဲ့ ပွဲပါပဲ။

အို . . . ခြေလေးချောင်းတွေ ချည်းသာပဲပေါ့။ ကျားတွေ၊ ခြင်္သေ့တွေ၊ ကျားသစ်တွေ၊ ဝံပုလွေတွေ၊ ခွေးအတွေ၊ အကုန်လုံး ကိုက်ခဲသတ်ဖြတ်စား သောက်တတ်တဲ့ အကောင်တွေချည်းသာပဲပေါ့။

ဧည့်ခံပုံကလည်း အပုံစား၊ ကြိုက်တဲ့အကင် စားတဲ့။ ရှားသား မီးရဲရဲမှာ ကင်ထားလိုက်တာများဆိုတာ ဝက်၊ ကြက်၊ ဆိတ်၊ ဆတ်၊ ချေ၊ ယုန်၊ ငုံး၊ အားလုံးချဉ်ငန်စပ်။ ကြိုက်ရာအကောင်ကို ကြိုက်တဲ့နေရာကနေ ကြိုက် သလိုဖွဲ့စား။ အားလုံးကို အကောင်လိုက်ကင်ထားတာ။

ပွင့်ပွင့်လင်းလင်းပြောရရင် တောရဲ့ဦးသျှောင်ဖြစ်သွားတဲ့ မြေခွေးကို ဂျက် မမျှော်လင့်တာ အမှန်ခင်ဗျ။ သူက ဦးသျှောင်ဖြစ်ပြီးကတည်းက ပြောတဲ့အတိုင်း စုံနံ့သာမြိုင်တစ်ခုလုံးက တိရစ္ဆာန်ထုကို ကိုယ်စားပြုသွား ခဲ့ပြီလေ။ အဘယ်တစ်ကောင် အဘယ်တစ်မျိုးကိုမှ အထူးပြုကာ ပလူးသမှု သူမလုပ်တော့ဘူး။ အဘယ်ပွဲကိုမှမတက်သူ မြေခွေးကို သို့နှယ်ပဲလို့ ဂျက်က တွေးထင်ထားပစ်ခဲ့လေသပေါ့။

ဟောဗျ။ သို့ကလို တွေးထင်ထားမိပြီဆိုခါမှ ဦးသျှောင်မြေခွေးက လားလား မားမားကြီးရယ်မှ မားမားကြီးရယ်ပါ ခင်ဗျ။ ကိုက်တတ်တဲ့ အကောင်တွေရဲ့ကြားထဲမှာ အစွယ်ဖွေးဖွေးကြီးတွေ ပေါ်အောင်ပြုံးရင်း အသားကင်စားလိုက်၊ ရယ်ပွဲဖွဲ့လိုက်။

ပွဲအပြီး အနားကို ကပ်မိသွားတာကြောင့် ဂျက်က မြေခွေးဦးသျှောင်ကို

mgyoe.com

mgyoe.com


မေးမိလိုက်ပါတယ်။

"သည်ပွဲမှာ မတွေ့ဘူး ထင်တာ" လို့

"သြော် . . . သည်အကောင်တွေနဲ့ မိမိနဲ့က တခြားစီပါ ခင်လို့ လာတာ" တဲ့။ သူက။

သြော် . . . ကျားတွေ၊ ခြင်္သေ့တွေ၊ ကျားသစ်၊ ဝံပုလွေတွေ၊ ခွေးအတွေနဲ့ မိတ်ဆွေကြီး ဦးသျှောင်မြေခွေးနဲ့က တခြားစီဆိုပဲ့လား။ အင်းပါလေ။ သူ့အသက်ကို သတ်ဖြတ်ပြီးစားတဲ့ သတ္တဝါတွေပဲမို့ အတူတူပါပဲလို့ ပြောလို့တော့ ဘယ်ရပါ့မလဲ။

ခင်လို့လာတာပဲ ဖြစ်ရမှာပါ။ ယုံတယ်မဟုတ်လား။ ။

7 Day Daily/ No.834/ August 23/ 2015

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# စုံနှံ့သာမြိုင် အယ်လ်ဘမ်

## [ တစ် ]

အယ်လ်ဘမ်ဆိုတဲ့ အသံထွက်က ရွတ်ရဆိုရတာ လျှာလည်သဗျ။ ကိုယ့်ဘာသာစကား မဟုတ်တဲ့အခါ လူတွေတောင်မှ အသံထွက်မှန်အောင် မနည်း လုပ်နေကြရတဲ့ဥစ္စာ၊ တိရစ္ဆာန်တွေအဖို့ရာမတော့ လျှာချာလပတ်ယမ်းမယ်ဆိုတာ အသေအချာပဲပေါ့။

မြေခွေးက တောထဲကို သစ်အရောင်းအဝယ်ကိစ္စနဲ့ ရောက်လာတဲ့ သူ့မိတ်ဆွေလူတစ်ယောက်ရဲ့ လက်ထဲမှာတွေ့တာနဲ့ ခဏကြည့်ဖို့ဆိုပြီး ငှားထားလိုက်တာတဲ့ခင်ဗျာ။ ပြီးရင် ပြန်ပေးရမှာတဲ့ခင်ဗျ။ အခုနပြောခဲ့တဲ့ အယ်လ်ဘမ်ဆိုတဲ့ ဥစ္စာကြီးကို ပြောတာပါ။

"အင်္ဂလိပ်လိုက Album ဆိုပြီး စားလုံးပေါင်းတာ၊ အဆွေ မြေခွေးရဲ့ အယ်လ်ဘမ်တဲ့ နည်းနည်းအဆိုရခက်တယ်။ အဓိပ္ပာယ်ကတော့ ဟဗ္ဗာဘာခေါ်မတုံး၊ ဓာတ်ပုံတွေကိုစုထားတဲ့ မှတ်တမ်းဘုတ်အုပ်ကြီးဆိုပါတော့ဗျာ"

ဂျက်က မြေခွေးကို ရှင်းခနဲ ကွင်းခနဲဖြစ်သွားအောင်လို့ အနို့ကလိုကိုပဲ စိတ်ရှည်ရှည်နဲ့ ဖွင့်ဆိုရှင်းပြခဲ့တာပါ။ မြေခွေးက အဲသည့် အယ်လ်ဘမ်

mgyoe.com

ဆိုတဲ့ စကားလုံးကို တော်တော့်ကို ပီအောင်ဆိုပြီးတဲ့သကာလ သဘော တကျကျဖြစ်ကာ ဂျက်နဲ့အတူတူ ယင်းငှင်းအယ်လ်ဘမ် ဘုတ်အုပ်ကြီး ကို ကြည့်ကြဖို့ စိုင်းပြင်းတော့တာပါ။

"စပျစ်ဝိုင်ကလေးနဲ့ ဆတ်သားခြောက်ကလေးနဲ့ မြည်းကြရင်းက အနှီအယ်လ်ဘမ်ဘုတ်အုပ်ကြီးကို ကြည့်ကြစို့လားငဲ့လေ"တဲ့။

## [ နှစ် ]

အယ်လ်ဘမ်ပိုင်ရှင် ပုဂ္ဂိုလ်က ပရဟိတဝါသနာ ပါပုံရပါရဲ့။ ဓာတ်ပုံ တစ်ပုံက ပရဟိတလုပ်နေတဲ့ပုံ။ မိသားစုလိုက်ခင်ဗျ။ သမီးသား၊ ဇနီးမယား စုံစုံလင်လင်နဲ့။ မိဘမဲ့ကလေးများ ဂေဟာအတွက် ဆန်၊ ဆီ၊ ဆား၊ အဝတ် အစားကစလို့ လာရောက်ထောက်ပံ့နေတဲ့ ပုံကလေးကို မှတ်တမ်းတင်ထား တာ။ ပြုံးလို့ရွှင်လို့။ အလှူ့ပစ္စည်းတွေနဲ့။ မိဘမဲ့ဂေဟာက ကလေးတွေနဲ့။ နွေးနွေးထွေးထွေး။

"အနို့သဟာက ဘဇာပုံခေါ်သတုံးဗျ ကြည့်ကောင်းလို့"

မြေခွေးက အယ်လ်ဘမ်ကို နောက်တစ်ရွက်ဆွဲလှန်ပြီး စကားကို အာလုတ်သံကြီးနဲ့ အားရပါးရဆိုကာ ညွှန်ပြလာတဲ့ပုံကို ကြည့်လိုက်တော့ မိသားစု အေးအေးလူလူ အနားယူနေကြတဲ့ပုံခင်ဗျ။ ပင်လယ်ကမ်းခြေတော့ ပင်လယ်ကမ်းခြေတစ်ခုပါပဲ။ သဲသောင်ပြင်ဖွေးဖွေးကြီးလည်း ပါရဲ့။ ကျောက် တန်းသေးသေးကလေးတွေလည်း ပါရဲ့။ ပင်လယ်ပြာပြာကြီးလည်း ပါရဲ့။ လမ်းလျှောက်နေသူ တစ်ယောက်စ၊ နှစ်ယောက်စလည်း ပါရဲ့။ အယ်လ်ဘမ် ပိုင်ရှင် မိသားစုကတော့ စိတ်အေးလက်အေးဆိုမှ တကယ့်ကို စိတ်အေး လက်အေး။ သဲဖွေးဖွေးမှာ ခြေပစ်လက်ပစ်ထိုင်သူကထိုင်၊ လှဲသူကလှဲနဲ့ အပန်းဖြေနေကြတာ။ ဓာတ်ပုံက အဲသဟာကို မှတ်တမ်းတင်ထားတာ။ အနားယူနေတဲ့အကြောင်း မြေခွေးကို စားလုံးပေါင်းပြ လိုက်ပါရဲ့။

"ဟောဗျာ . . . အဲဒါက ဘာလုပ်နေကြပြန်တာတဲ့တုံး"

ဂျက်က မြေခွေးကြည့်ရင်း အံ့အားသင့်နေတဲ့ အယ်လ်ဘမ်တစ်နေရာ ကို မှန်းစမ်းလို့ဆိုကာ အသာဆွဲယူကြည့်လိုက်တော့ ဓာတ်ပုံက မိသားစု တွေ ကိုယ်စီကိုယ်င စာဖတ်နေကြတဲ့ပုံ။ အဖေက ဂျာနယ်တစ်စောင်နဲ့။

mgyoe.com

mgyoe.com

အမေက တရားစာအုပ်နဲ့။ သမီးက ဝတ္ထုတစ်အုပ်နဲ့။ သားက ပုံပြင်စာအုပ်နဲ့။ မိသားစု စာဖတ်နေကြတာကို မှတ်တမ်းတင်ထားတဲ့ပုံ။ သိပ် သဘာဝကျတာပဲ။

အဲ . . . နောက်တစ်ပုံက ပိုလို့တောင်မှ အသက်ဝင်သေးတယ်။ ဘာပုံမှတ်လို့လဲ။ ကာရာအိုကေ ဆိုနေကြတဲ့ပုံခင်ဗျ။ အကုန်လုံး လက်ခုပ်လက်ဝါးတီးကာ မြူးထူးပျော်ရွှင်စွာနဲ့ ရုပ်မြင်သံကြားရှိရာဆီကို အာရုံစူးစိုက်လို့ပေါ့။ မိုက် (Microphone) ကို ကိုင်ပြီး အပြတ်ဟဲနေသူကတော့ ဖေဖေဖခင်ကြီးပဲ ဖြစ်ရမှာပေါ့။

"သီချင်းဆိုနေကြတာလေ အဆွေ မြေခွေးရဲ့"

မြေခွေးက ဂျက်စကားကို ဘာမှပြန်မပြောဘဲ အယ်လ်ဘမ်ကိုသာ ငေးကြည့်နေခဲ့ပါလေရဲ့။ သဘောပေါက်သလား၊ မပေါက်သလားဆိုတာကိုတော့ ခန့်မှန်းရခက်တာ အမှန်ပါ။

ပြောရရင် ဓာတ်ပုံအယ်လ်ဘမ်က အတော့်ကို စုံပါတယ်။ မိသားစု ဘုရားဖူးနေကြပုံလည်းပါသပေါ့။ သစ်ပင်စိုက်နေတဲ့ပုံလည်း ပါသပေါ့။ ခရီးထွက်နေကြတဲ့ပုံလည်း ပါသပေါ့။ ကလေးတွေ ကျောင်းသွား ကျောင်းပြန် မြင်ကွင်းပုံကလေးတွေကလည်း ပါသပေါ့။ အားကစားဝတ်စုံနဲ့ ပုံကလေးတွေလည်း ပါသပေါ့။ ဆရာကန်တော့ပွဲပုံမျိုး၊ ဇာတိမြေကိုသွားလည်တဲ့ ပုံမျိုးတွေတောင်မှ ပါလိုက်သေးတယ်။

"လူတွေဟာ သိပ်အားကျဖို့ကောင်းတယ်ဗျာ . . . ကျုပ်တို့ တောထဲက တိရစ္ဆာန်တွေ ဒါမျိုးအယ်လ်ဘမ်နဲ့ မှတ်တမ်းဘုတ်အုပ် လုပ်သင့်တယ်"

မြေခွေးရဲ့ကောက်ချက်က စကားနောက်မှာ တရားပါတော့မယ်ဆိုတာ ဂျက်ကွမ်းခြံကုန်း သဘောပေါက်လိုက်တာပေါ့။ စုံနဲ့သာမြိုင် အယ်လ်ဘမ်ကြီး လာတော့မယ်ထင်ပါရဲ့။

## [ သုံး ]

အခုခေတ်က ကင်မရာတွေ ဘာတွေ ပေါလာလို့ ဖြစ်မှာပါ။ အယ်လ်ဘမ်တစ်အုပ်စာဆိုတာ ဘာကြာတာမှတ်လို့။ ပြီးတော့ ဖလင်တွေ ဘာတွေလည်း လိုတော့တဲ့ခေတ်မှ မဟုတ်တာ။ ဒစ်ဂျစ်တယ် (Digital) ခေတ်။

mgyoe.com

လေးငါးဆယ်ရက်လောက်အကြာမှာ စုံနံ့သာမြိုင်ကို တစ်ခေါက် ပြန်ရောက်သွားတော့ မြေခွေးက အယ်လ်ဘမ်တစ်အုပ်စာတောင်မှ ရနေပါပြီ။ ဘဝကို မှတ်တမ်းတင်ထားလိုက်ပုံတွေများ။

"အားရပါးရသာကြည့် ဆရာကြီးဂျက်" တဲ့။

ဟုတ်ပ။ ပုံတွေ ပုံတွေ။ မြေခွေးရဲ့ပုံတွေ။ ပုံစာအသီးသီးနဲ့ ခင်ဗျ။ ဥပမာဆိုကြပါစို့။ သမင်ကလေးရဲ့လည်မျိုကို မြေခွေးက ခဲထားတဲ့ ဓာတ်ပုံ။ အောက်မှာ ပုံစာကလေးနဲ့။ မြေခွေးငယ် တစ်ဝမ်းတစ်ခါးအတွက် အစာရှာနေရပုံတဲ့။ မရှိသေ့စကား ပြောပါရစေဦးတော့။ မြေခွေးမကို မြေခွေးက လျှာကလေးနဲ့ လျက်နေတဲ့ပုံ။ မြေခွေးမောင်နှံ ချစ်ဗိမာန်အုတ်မြစ်ချပွဲ အမှတ်တရလို့ ပုံစာရေးထားသဗျ။

မြေခွေးရဲ့ အယ်လ်ဘမ်တစ်အုပ်လုံးကို စေ့ငုလေ့လာလိုက်တော့ သမင်ကိုစားနေသောပုံ။ ဒရယ်ကို လိုက်နေသော ပုံ၊ ချေကိုချောင်းနေသော ပုံ၊ ဆတ်ကို ကိုက်ခဲထားသောပုံ၊ အိပ်နေသောပုံ၊ ငိုက်နေသောပုံ၊ သမ်းနေသောပုံ၊ မြေခွေးမနှင့် ကလူနေသောပုံ၊ မြေခွေးမအပေါ်း ရစ်သီရစ်သီပြုနေသောပုံ၊ မြေခွေးမနှင့် ချော့မြှူကစားနေသော ပုံ၊ မြေခွေးမနှင့် ချစ်ခွန်းတုံ့တင်နေသော ပုံဆိုတာတွေချည်းသာ။

"အဆွေ မြေခွေးရဲ့ အယ်လ်ဘမ်မှတ်တမ်းအရ အဆွေ့ဥစ္စာ စားတာရယ်၊ အိပ်တာရယ်၊ မေထုံကိစ္စ လုံးပန်းတာရယ်၊ ၎င်းအရာတွေချည်းပဲနော်"

"ဩော် . . . ဆရာဂျက်ရယ် တစ်တောလုံးက တိရစ္ဆာန်တွေ ထိုနည်းနှင်နှင်တွေချည်းပါပဲဗျ"

ဂျက်စကားကို မြေခွေးက အနို့ကလို တုံ့ပြန်ပါတယ်။

ဟုတ်တယ်ခင်ဗျ။ ယုန်ကလေးရဲ့ အယ်လ်ဘမ်တောင်းကြည့်တော့လည်း ထိုနည်းလည်းကောင်းပေကိုး။ ကန်စွန်းရွက်စားနေသောပုံ၊ မုန်လာဥစားနေသောပုံ၊ ဂျုံစေ့စားနေသောပုံ၊ ပြောင်းဖူးစားနေသောပုံ၊ အိပ်နေပုံ၊ ယုန်မနဲ့အတူ ချစ်တေးကြူနေပုံ ဆိုတာတွေချည်း။

နွားတွေ၊ ကျွဲတွေ၊ မြင်းတွေရဲ့ အယ်လ်ဘမ်တွေ ယူကြည့်မိတော့ကော။ မြက်စားနေပုံ၊ ရေသောက်နေပုံ၊ အိပ်ပုံ၊ နွားမကြီးနှင့် မြူးပုံ၊ ကောက်ရိုးပုံ

mgyoe.com

mgyoe.com


စားပုံ၊ စားမြုံ့ပြန်ပုံ၊ ငိုက်မျဉ်းပုံ၊ ရေစိမ်ပုံ၊ ပြောင်းဖူးစားပုံ၊ ကျွဲမနှင့် အသည်းလှပုံ၊ နမ်းဖတ်စားပုံ၊ ပဲဖတ်စားပုံ၊ မြင်းမနှင့် ကမြင်းကြပုံ ဆိုတာတွေချည်း။

"အဆွေတို့ဟာက အိပ်ပုံ၊ စားပုံနဲ့ အထီး၊ အမသဘာဝ ပုံတွေချည်းပါလားဗျ"

"ဩော် ဆရာဂျက်ရယ် တိရစ္ဆာန်တွေက ရှင်းတယ်ဗျ။ အရာရာကိုခင်ဗျားတို့နဲ့ မနှိုင်းနဲ့လေဗျာ"

ဂျက်စကားကို တစ်ချက်မနားဘဲနဲ့ မြေခွေးက တုံ့ပြန်ပစ်တာပါ။

ဟုတ်ပါရဲ့။ လူတွေရဲ့ အယ်လ်ဘမ်ထဲမှာက စာဖတ်ရတာနဲ့ သီချင်းဆိုရတာနဲ့၊ ပရဟိတလုပ်ရတာနဲ့၊ ပညာသင်ရတာနဲ့၊ ခရီးထွက်ရတာနဲ့၊ အားကစားလုပ်ရတာနဲ့၊ ဘုရားသွားရတာနဲ့။ ဓာတ်ပုံမျိုးစုံက ရှုပ်ပွလို့။


စုံနံ့သာမြိုင်ကတော့ ရှင်းတယ်။ အချိန်ပြည့်စားဖို့ရှာ။ မောလာရင် အိပ်။ သွေးသားတောင့်တတဲ့အခါ အထီးနဲ့အမ ဆုံကြ။ ရိုးရိုးနဲ့ စင်းစင်း။

ဩော် . . . လူ့ဇာတ်ခုံကြီးဟာ ဗဟုဓာတ်ပုံတွေနဲ့ ရှုပ်ထွေးလှပါကလားဗျာ။ ။

**7 Day Daily/ No.841/ August 30/ 2015**

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## တောအချုပ်ထောင်တံခါး အဖွင့်အပိတ်

### [ တစ် ]

ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့ပြီလို့သာ ဆိုရတော့မယ်ထင်ပါရဲ့။ ကိုယ့်ကို အန္တရာယ်ပေးဖို့ပြေးလာတဲ့ သတ္တဝါအမျိုးအစားတွေဆိုရင်လည်း ထားပါတော့။ ငါ့ဝမ်းပူဆာမနေသာဆိုသလို အသက်ရှင်ရပ်တည်ဖို့ရာ ဆာလောင်မွတ်သိပ်လွန်းလှသောကြောင့် စားဖို့ရာဖြစ်နေတဲ့ အတွက်ဆိုရင်လည်း ထားပါတော့။ ကိုယ့်စားကျက်ကိုဝင်ကာ ဖျက်လိုဖျက်ဆီးစိတ်နဲ့ လာရောက်ကျူးကျော်တဲ့ အကောင်တွေဆိုရင်လည်း ထားပါတော့။ အခုဟာ က . . .။

ယုန်ကလေးတွေက အကောင်သုံးလေးဆယ်လောက်ကို ရှိမယ်ထင်ပါတယ်။ တစ်ကောင်မှကို အသက်ရှင်လျက် မရှိတော့တာပါ။ မြေကြီးမှာ ပြားချပ်လို့။ အဲသည့်နေ့တုန်းက အဲသည့်ယုန်အုပ်ဟာ သူတို့ဘာသာသူတို့ ကန်စွန်းခင်းကြီးရဲ့အစပ်မှာ ကန်စွန်းရွက်ကလေးတွေ ထိုင်ပြီးဝါးနေကြတာဆိုလား။

အဲသည့်တုန်းမှာ ဆင်ဆိုးကြီး ရောက်လာခဲ့တာပါ။ ရှူးရှူး ရှူးရှူးနဲ့ သူ့ဘာသာသူ လျှောက်လာရင်း ယုန်အုပ်ကိုမြင်တော့ တစ်ကောင်မကျန်

mgyoe.com

ငါ့ရှေ့လာခဲ့ကြစမ်းဆိုပြီး လှမ်းခေါ်တော့တာပါတဲ့။ ဘယ်ပြေးရပါ့မလဲ။ ခမျာမျာ လာကြရရှာတာပေါ့။ တန်းစီတဲ့။ ဆင်ဆိုးက အနားရောက်လာတဲ့ ယုန်အုပ်ကို အနို့ကလို အမိန့်ပေးလေသဗျ။ နားရွက်ကလေးတွေထောင်ပြီး အမွေးကိုယ်စီက ဆွတ်ဆွတ်ဖြူနေတဲ့ယုန်အုပ်ဟာ တောလမ်းမှာ တန်းစီပေးခဲ့ကြရတာပါ။

တော်တော့်ကို သွေးအေးတဲ့ ဆင်ဆိုးကြီး။ ဘယ်ညာခြေလှမ်းတွေနဲ့ အတူ တစ်ကောင်ပြီးတစ်ကောင် နင်းခြေပစ်လိုက်တာများဆိုတာ။ မြေကြီးပေါ်မှာ စက္ကူသားလိုပြားချပ်နေတဲ့ ယုန်ကလေးတွေရဲ့ခန္ဓာမှာ သွေးနီနီတွေ စွန်းကွက်လို့။

ဒါဟာ တမင်သက်သက် ရမ်းကားတာပဲပေါ့။ နောက်နေ့ထုတ်တဲ့ တိရစ္ဆာန်ဒေးလီး သတင်းစာထဲမှာ ဆင်ဆိုးရဲ့ပုံနဲ့တကွ အနို့ကလိုလုပ်တဲ့ သတင်းကို ဖော်ပြလိုက်တော့ တစ်တောလုံး အုတ်အုတ်ကျက်ကျက်ပေါ့။ တိရစ္ဆာန်တွေက ဆင်ဆိုးကို မှတ်မိကြသဗျ။

"အဲဒါ . . . ဟိုတစ်လောက လွှတ်ပေးလိုက်တဲ့ ဆင်ရမ်းကားကြီး" ဆိုလား။

## [ နှစ် ]

ယုန်အကောင်သုံးဆယ်ဝန်းကျင် သူတို့ဘာသာသူတို့ ကန်စွန်းရွက်စားနေကြတာကို လာကြစမ်းလို့ခေါ်ယူကာ တောလမ်းတစ်နေရာမှာ တန်းစီထိုင်ခိုင်းပြီး တစ်ကောင်မှမကျန်ရလေအောင် နင်းသတ်လို့ ထွက်ခွာသွားတဲ့ ဆင်ဆိုးကြီးရဲ့ကိစ္စ ပြီးခါစမှာ အမှုပေါ်လာပြန်တာက ကျားသောင်းကျန်းကိစ္စ။

မူလမဆွက ကျားတွေဟာ ဗိုက်ဆာလာရင် သားကောင်လိုက်ပြီး စားမယ်။ ဗိုက်ဝရင် အိပ်မယ်။ ဒါပါပဲ။ အခု ကျားသောင်းကျန်းကကျတော့ မွေးကင်းစ ဒရယ်ကလေးတွေ၊ သမင်ကလေးတွေ၊ ဆတ်ကလေးတွေ၊ ချေကလေးတွေ၊ စိုင်ကလေးတွေ၊ မြင်းကျားကလေးတွေ၊ နွားကလေးတွေကိုမှ အမဲလိုက်ပြီး စားတာတဲ့ခင်ဗျ။ ပြီးရင် ထိုထိုသော သတ္တဝါကလေးတွေရဲ့ အမေတိရစ္ဆာန်မကြီးတွေကို လည်မျိုကိုခဲကာ သတ်ပြီးတဲ့သကာလ မျက်နှာ

mgyoe.com

mgyoe.com

ကို လက်သည်းနဲ့ခြစ်ကာ မစားဘဲ ထားပစ်ခဲ့တာတဲ့ ခင်ဗျ။

အဲသည့် ကျားသောင်းကျန်းသတင်းကိုလည်း တိရစ္ဆာန်ဒေးလီး သတင်းစာထဲမှာ ဓာတ်ပုံနဲ့တကွ ဖော်ပြခဲ့ကြတာပေါ့။ သတင်းစာဖတ် တိရစ္ဆာန်များက ကျားသောင်းကျန်းကို ကောင်းကောင်းကြီး မှတ်မိကြပါ တယ်။

"မကြာခင်ကမှ အထဲကထွက်လာတဲ့ ကျားပဲ" တဲ့။

## [ သုံး ]

အခုတစ်လောမှာဖြင့် စုံနံ့သာမြိုင်တောကြီးဟာ ကြောက်ဖောအဟုန် တွေကြောင့် နောက်ကျောမလုံတဲ့ တောကြီးဖြစ်နေခဲ့ရပါပေါ့။ ထိတ်တလန့် လန့်နဲ့ စိတ်မသန့်တဲ့ တောကြီးဖြစ်နေခဲ့ရပါပေါ့။ ရန်အငွေ့တွေနဲ့ အန်ဆေ့ဖ် (un safe) လေရတဲ့ တောကြီးဖြစ်နေခဲ့ရပါပေါ့။ ဗိုလ်ကျရမ်းကားတဲ့ အကောင်တို့အလိုကျ စခန်းသွားတဲ့ တောကြီးဖြစ်နေခဲ့ရပါပေါ့။

တစ်ရက် တိရစ္ဆာန်စကူးလ် (school) အတက်မှာ ခြသေ့်တစ်ကောင် ကျောင်းဝင်းထဲဝင်လာပြီး ဗိုက်ဆာတဲ့အတွက် သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်ထဲက တစ်ကောင်ကောင်ပေးစမ်းဆိုပြီး တောင်းတဲ့အတွက် ကျောင်းအုပ်ဆရာ သာလိကာကြီးနဲ့ လက်ထောက်ကျောင်းအုပ် ကြက်တူ ရွေးကြီးတို့က ကျောင်းတက်နေတဲ့ အကောင်ကလေးတွေကိုတော့ မလုပ် ပါနဲ့ခြသေ့်ရယ်လို့ဆိုပြီး တောင်းပန်ကြပေမဲ့ မရပါဘူးတဲ့။ ဖွတ် အတင်း အဓမ္မဆိုသလို တစ်ကောင်ဆွဲ စားသွားခဲ့တာပါ။ မင်းတို့ပါ သေချင်သလား လို့ သာလိကာနဲ့ ကြက်တူရွေးကိုတောင် ကြိမ်းမောင်းသွားခဲ့သေးတယ် ဆိုလား။

"အဲသဟာ လွတ်ငြိမ်းခွင့်နဲ့ လွှတ်ပေးလိုက်တဲ့ ခြသေ့်ပေပဗျာ"

လာပြန်ပြီ လွတ်ငြိမ်းခွင့်။ စုံနံ့သာမြိုင်တောကြီးထဲမှာ ဦးသျှောင် တိရစ္ဆာန်ဘဝနဲ့ တောရဲ့လောကကို စီမံဖော်စပ်ထုတ်လုပ်နေတဲ့ မြေခွေး က မကြာခဏဆိုသလို ဖမ်းထားတဲ့ တိရစ္ဆာန်တွေကို လွှတ်လွှတ်ပေးနေ တာကြောင့် Beautiful mind မြေခွေးဆိုပြီး နာမည်ရရနေခဲ့တာ ကြာပေါ့။ အကြင်နာကြီးတယ်။ သနားကရုဏာစိတ် လျှံကျယိုဖိတ်လေ့ရှိတယ်။ စာနာ

mgyoe.com

ထောက်ထားတတ်တယ်။ ခွင့်လွှတ်တတ်တယ်ဆိုပြီး ဦးသျှောင်မြေခွေးရဲ့ သတင်းဟာ လေယူရာမှာ မွှေးကြိုင်လို့နေခဲ့ပေတာပ။

အဲ . . . ဟိုတစ်လောကတော့ တောအချုပ်မှာ ဖမ်းထားခဲ့တဲ့ အကောင်တွေထဲက တချို့ကို လွှတ်ပေးခဲ့တယ်ဆိုတဲ့သတင်း လူ့ရွာဘက်ကို ပြန့်လွင့်လို့လာခဲ့ပါသေးတယ်။ ဟော . . . အခုကျပြန်တော့ ရာဇဝင်တိရစ္ဆာန်ဆိုးကြီးတွေအဖြစ်နဲ့ တောတစ်ငှါးမှာ သဘောကြမ်း မနောရမ်းခဲ့ကြတဲ့ ဆင်ဆိုးကြီးရယ်၊ ကျားသောင်းကျန်းရယ်၊ ခြသေ့်ရမ်းကားရယ်ကို လွှတ်ငြိမ်းစေလို့ဆိုကာ လွှတ်ပေးသမှုပြုလို့ အပြီးမှာ ယင်းထိုတိရစ္ဆာန်တွေက နဂိုအဆိုးကို ပိုတိုးကာ သောင်းကျန်းလာခဲ့တာတွေကြောင့် အကာအရံမဲ့တဲ့ သဘောနဲ့ ကဗျာမဆန်တဲ့တော ဖြစ်လာခဲ့ရတာပါ။

"အဆွေမြေခွေးက ဘယ့်နှာကြောင့် လွှတ်ပေးရသတုံးဗျ။ အခုတစ်တောလုံး နေ့တထိတ်ထိတ် ညတထိတ်ထိတ်ထဲနဲ့" တောအချုပ်ကလေးရဲ့ နံဘေးမှာ လမ်းလျှောက်ကြရင်းက ဂျက်က မြေခွေးကို အဲသလိုပြောမိခဲ့တယ်။

"သြော် . . . သနားသည်းခံဆိုတဲ့ နာယကရဲ့ ဂုဏ်တစ်ရပ်ပေါ့။ ဆရာကြီးဂျက်ရယ် . . . ထောင်အနှစ်နှစ်ဆယ်ချထားတဲ့ တိရစ္ဆာန်ဆိုးတွေဟော . . . ကရုဏာကြီးတဲ့ ကျုပ်လက်ထက်မှာ သုံးလပဲထားပြီး ပြန်လွှတ်ပေးခဲ့တာ အဲဒါ သမိုင်းဗျာရဲ့" တဲ့ . . . သူက။

"အခု . . . တောအချုပ်ထောင်မှာ တစ်ကောင်မှ မရှိတော့ဘူးလား မြေခွေးငဲ့"

"သြော် . . . ဂျက်ဆရာရယ် မြေခွေး သည်လောက် မိုက်ပါ့မလားဗျာ . . . တောအတွက် အန္တရာယ်သိပ်ကြီးတဲ့ အကောင်ဆိုးတွေကိုတော့ ဆက်ဖမ်းထားရပေတာပေါ့" တဲ့။

မြေခွေးက အချုပ်ထောင်တံခါးကို အသာလှပ်ပြီး ဖမ်းထားဆဲ တိရစ္ဆာန်ကလေးတချို့ကို ပြပါတယ်။

"အဲဒါက ချိုးငှက်ကလေးတွေ ငြိမ်းချမ်းရေးပေးပါဆိုတဲ့ သတ္တဝါလေးတွေ . . . ဟောဟိုဟာက ဒေါင်းအုပ်စု . . . ခွင့်တူညီမျှဝါဒဖြူစင်တဲ့ တောအသွင်ကို ပြောင်းချင်တယ်ဆိုတဲ့ အကောင်တွေ . . . ဒါက ဇီးကွက် . . .

mgyoe.com

mgyoe.com

တောသတင်းစာတွေကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းရေးဖို့ လှုံ့ဆော်တဲ့ သတ္တဝါ၊ ဟိုဥစ္စာကသိုးအုပ်စု တိရစ္ဆာန်စကူးလ်မှာ ခေတ်မီ ဘုတ်အုပ်တွေနဲ့ သင်ပေးဖို့တောင်းဆိုတဲ့ အကောင်ကလေးတွေ။ အဲသလို အန္တရာယ်များတဲ့ သတ္တဝါတွေကို ချန်ထားပြီး အနေအေးပုံရတဲ့ တိရစ္ဆာန်တွေကို အကုန်လွှတ်ပေးလိုက်တာပါ"

မနေ့လာသူ ဦးသျှောင်မြေခွေးကြီးက တောအချုပ်ကို တံခါးပြန်ပိတ်ရင်း ပြောတော့ ဂျက်ရင်ထဲမှာ မိုးပေါက်တွေပက်ဖျန်းလိုက်တဲ့ ကြာပန်းကြီးနယ် လန်းဆန်းသွားလိုက်တာ။ ဒါပေါ့။ ဆင်ဆိုးတို့၊ ကျား သောင်းကျန်းတို့၊ ခြသေ့ရမ်းကားတို့ကို လွှတ်ပေးပြီး ချိုးကလေးတွေ၊ သိုးကလေးတွေ၊ ဒေါင်းကလေးတွေ၊ ဇီးကွက်ကလေးတွေကို ဆက်ချုပ်ထားတော့ တော ငြိမ်းချမ်းတာပေါ့။ တောစိမ်းလန်းတာပေါ့။ တိရစ္ဆာန်တွေရဲ့ စိမ်ခန့်ခွဲပုံတွေကတော့ လူတွေဆီကနေလှမ်းကြည့်ရင် အကုန်လုံး ပြောင်းပြန်ဖောက်ထိုးတွေချည်းပဲ။ ဒါ့ကြောင့်လည်း တိရစ္ဆာန်ဘဝက မတက်ကြတာကိုး။ ။

7 Day Daily/ No.848/ September 6/ 2015

.mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


## ရွှေးပို့ပြင်နေတဲ့ စုံနှံ့သာမြိုင်

### [ တစ် ]

"ရွှေးကောက်ပွဲ . . . ဟုတ်လား၊ ပျင်းတောင် ပျင်းသေးတယ်" တဲ့။

အဲဒါ တောကြက်ဖကြီးရဲ့ စကားခင်ဗျ။ အဲသည့်စကားကို ဝစီကံမြောက် နှုတ်ကနေထုတ်ဟကာ ပြောဆိုလိုက်သူက တောကြက်ဖကြီးပါ။ အနို့သော် တောကြက်ဖကြီးလို ရင်လှုပ်ကာ အပြင်ထုတ်လို့ မပြောဆိုဘိလင့်ကစား သူ့နံဘေးမှာရှိနေကြတဲ့ တောဘဲတွေနဲ့ ကျေးငှက်သာရကာ တချို့ကလည်း တောကြက်ဖကြီးရဲ့စကားကို ထောက်ခံကြဘိသကဲ့သို့ပါ။ ရွှေးကောက်ပွဲ များ ရိုးနေပြီဆိုတဲ့ မျက်နှာပေးတွေနဲ့။

"လာခဲ့ . . . လာက်တွေ့ပြမယ်။ တိရစ္ဆာန်ရွှေးကောက်ပွဲ"တဲ့ ခင်ဗျ။

တောကြက်ဖကြီးခေါ်ဆောင်ရာနောက်ကို ဂျက်ကွမ်းခြံကုန်း လိုက် သွားတဲ့အခါ ဘဲတွေကလည်း နောက်ကနေ လိုက်ပါလာကြလေသဗျ။ ကျေးငှက်သာရကာတွေကလည်း ဝဲကာပျံကာ နောက်ကနေလိုက်ပါလို့ လာခဲ့ကြလေတာပါ။ အဲဒါနဲ့ တစ်နေရာအရောက်မှာတော့ ကြက်သား အုပ်မကြီး။ စပါးခင်းရဲ့ အစပ်နားက မြေတလင်းပြောင်ပြောင်မှာ ကြက် ပေါက်စကလေးတွ ဆယ့်လေးငါးကောင်နဲ့။

mgyoe.com

mgyoe.com


ဆန်စေ့ကလေးတွေကို ကောက်စားလိုက်ကြ။ မြေကြီးခဲကလေးတွေကို ကောက်မိရင် ပြန်လွှတ်ချလိုက်ကြ၊ ဆန်ကွဲစေ့ကလေးတွေကို ကောက်စားလိုက်ကြ။ ကျောက်စရစ်ခဲကလေးတွေကို ကောက်မိရင် ပြန်လွှတ်ချလိုက်ကြ။

"အဲသဟာ ကျုပ်ရဲ့ ကြက်မိသားစု ရွေးတယ်။ ကောက်တယ်။ ပြီးမှ စားတယ်။ ရွေးကောက်တယ်ဆိုတာ ရိုးလွန်လွန်းလို့"

တောကြက်ဖကြီးကလည်း အနို့ကလို ပြောလိုက်ရော တောဘဲတွေ၊ တောငှက်တွေရောသာမကပါဘူး၊ မလှမ်းမကမ်းကနေ ကြည့်နေကြတဲ့ မျောက်တွေကပါ ငါတို့တွေလည်း ရွေးပြီးမှပဲ ကောက်စားကြတာပါကွယ် တို့တဲ့။ ဝိုင်းပြောလိုက်ကြတာများ . . .

"ဒီလိုပါ အခု မြေခွေးမင်းပြောတဲ့ စုံနံ့သာမြိုင်မှာ ရွေးကောက်ပွဲလုပ်တော့မယ်ဆိုတာက ဟောသည့်တောမှာ တိရစ္ဆာန်တွေကို ဘယ်အကောင်အုပ်ချုပ်မလဲဆိုတဲ့ ရွေးကောက်ပွဲကို ဆိုလိုတာပါခင်ဗျ" လို့ အဘယ်အကောင်မှန်းမသိတဲ့ အကောင်တစ်ကောင်က နောက်နားဆီကနေလည်း လှမ်းအော်လိုက်ရော ရုတ်ခြည်း တိတ်သွားခဲ့တော့တာပါ။ ရှင်းရှင်း ပြောလေကွာ . . . ရှင်းရှင်း ဆိုတဲ့အသံတွေကလည်း ပွစိ ပွစိထွက်လာကြခဲ့လေသပေါ့။

အင်း . . . စုံနံ့သာမြိုင်မှာ ရွေးကောက်ပွဲလုပ်ကြဦးမယ် ဆိုပဲလား။

## [ နှစ် ]

အင်း . . . တိရစ္ဆာန်တန်းကြီးကဖြင့် မျက်စိတစ်ဆုံးပေပ။ နေရောင်အပြေးမှာ ဖွေးဖွေးကိုမှ လှုပ်လို့။ အကုန်လုံး သိုးတွေချည်းပဲ။

"တန်းစီပါ။ ကြားမဖြတ်ပါနဲ့ အကောင်စေ့ ရပါစေ့မယ်။ တစ်ကောင်ကို ဂျုံတစ်စည်းစီ ခင်ဗျ"

ဝံပုလွေတွေက ဦးဆောင်ပြီး ဝေငှပေးနေခဲ့ကြလေတာပါ။ တစ်ကောင်ပြီး တစ်ကောင် ဂျုံစည်းကလေးတွေ ယူသွားလိုက်ကြ။ သစ်ပင်မှာ ကပ်ထားတဲ့ ကြော်ငြာစာရွက်ကြီးထဲက အစွယ်ပုံကြီးကို လှမ်းကြည့်လိုက်ကြ။

"တကယ်ဆာပြီဆိုရင် အစွယ်လာပါတယ်။ အာဟာရကျွေးသူကို

mgyoe.com

mgyoe.com


ထာဝရရွေးယူကြလော့"တဲ့။ အဲဒါ အဲသည့်အစွယ်ပုံနဲ့ တိရစ္ဆာန်ပါတီရဲ့ လှုံ့ဆော်စာကြီးပေပ။ အစွယ်တံဆိပ်ကပ်နှိပ်ထားတဲ့ အဖွဲ့ကို တောဦးသျှောင်အဖြစ်ရွေးချယ်ဖို့ တိုက်တွန်းထားတဲ့ကြော်ငြာ။

အဲသဟာ တစ်နေရာတည်း မဟုတ်ဘူးခင်ဗျ။ တစ်နေရာမှာက သမင်ကလေးတွေချည်းပဲ တန်းစီလို့။ တစ်နေရာမှာက ယုန်ကလေးတွေချည်းပဲ တန်းစီလို့။ တစ်နေရာမှာက ဒရယ်ကလေးတွေချည်းပဲ တန်းစီလို့။ တစ်နေရာမှာက ဆတ်ကလေးတွေချည်း တန်းစီလို့။ စပါးဝေတယ်။ နှမ်းဝေတယ်။ ပဲဝေတယ်။ မုန်လာဝေတယ်။ ငှက်ပျောဝေတယ်။ ပျားရည်ဝေတယ်။

ဝေသူတွေက ခြသေ့်၊ ခွေးအ၊ ကျား၊ ကျားသစ်၊ တောကြောင်။ ပစ္စည်းဝေတဲ့အနားက သစ်ပင်တိုင်းမှာ အစွယ်ပုံပါတဲ့ ကြော်ငြာတွေချည်းပဲ။ ဘာတဲ့။ တကယ်ဆာရင် အစွယ်လာမယ်ဆိုလား။ အာဟာရကျွေးသူကိုသာ ထာဝရရွေးယူဆိုလား။

သြော် . . . သတ္တဝါကလေးတွေ၊ သတ္တဝါကလေးတွေ။ ပေးတဲ့ပစ္စည်းလက်ခံရင်းက သစ်ပင်မှာကပ်ထားတဲ့ ကြော်ငြာထဲက အစွယ်တံဆိပ်ကို ကြည့်ကာ တကယ်နိပ်တယ်လို့ ဆိုနေကြပါလေရဲ့။

## [ သုံး ]

"ကဲ . . . တို့များ စုံနံ့သာမြိုင်ရဲ့ လာလတ္တံ့အံ့လုလု တိရစ္ဆာန်ရွေးကောက်ပွဲကြီးမှာ ဘယ်အကောင်တွေရဲ့အဖွဲ့ကို အားပေးမတုံးဆိုတာ စဉ်းစားထားကြဦးစို့လား"

တစ်ကောင်ကောင်က အနို့ကလို လှုံ့ဆော်လိုက်တဲ့အခါ ကျန်တဲ့ အကောင်တွေက ခေါင်းချင်းဆိုင်ကြပါလေတယ်။

"ဒေါင်းမလေးကို ဘယ့်နှယ်သဘောရသတုံး အဆွေတို့ရဲ့"

ဒရယ်ကလေးတစ်ကောင်က သို့ကလို မေးမြန်းသမှုပြုတဲ့အခါ သမင်ကလေးတစ်ကောင်က သူ့ရဲ့အမြင်ကို အောက်ပါအတိုင်း တင်ပြလာပါလေရဲ့။

"ခင်ဗျားတို့ရဲ့ ဒေါင်းက တိရစ္ဆာန်တို့ဘဝ ခွင့်တူညီမျှအောင် လုပ်ရမယ်ဆိုတာချည်းပဲ ပြောနေတယ်။ လက်က ဘာမှမလာဘူး။ ဟော အစွယ်တံဆိပ်နဲ့အကောင်တွေ စားစရာကလေးတွေ ကူညီကြသေးသဗျ။ ကျုပ်

mgyoe.com

တော့ အစွယ်နဲ့မောင်တွေကိုပဲ ရွေးစေချင်သဗျာ”တဲ့။

နည်းနည်းကလေး တွေးတတ်၊ ခေါ်တတ်ပုံရတဲ့ ဓီးကွက်တစ်ကောင်က အရှည်ကိုကြည့် . . . အရှည်ကိုကြည့်နဲ့ အော်ပြောရှာပါတယ်။

“သြော် . . . နောင်အခါ ကိုယ့်ကိုသတ်မှာ၊ ဖြတ်မှာ၊ ဖမ်းမှာ၊ ဆီးမှာဆိုတာတွေက ဝေးလွန်းပါရဲ့ဗျာ။ ဟော အခုငတ်တာ ဘယ်သူက လာကျွေးသတုံး။ အစွယ်ရှိသူ တိရစ္ဆာန်တွေပဲ မဟုတ်လား။ ဒါကြောင့် နောင်ခါလာ နောင်ခါချေး ဘဇာအရေးပဲကြုံကြုံ အစွယ်နဲ့မောင်တွေကိုပဲ ရွေးထည့်လိုက်ချင်တာ တစ်နပ်ကျွေးနှစ်နပ်ကျွေးသာ အပြတ်ရွေးကြစို့လားဗျာ”

နွားပေါက်စကလေး သုံးလေးကောင်က ခြသေ့်တွေပေးသွားတဲ့ မြတ်စိုစိုကလေးတွေကို စားမြုံ့ပြန်ရင်းကနေ သံပြိုင်လောက်နီးနီးနဲ့ ခုနှယ်ထ, ပြီး ပြောလိုက်တဲ့အခါ တိရစ္ဆာန်တစ်စု တိတ်ကျသွားပါတယ်။

ဒါတော့ ဟုတ်သဗျ။ အဘယ်သတ္တဝါကိုမှ အန္တရာယ်မပေးဘူးဆိုသော်လည်း ဒေါင်းအဖွဲ့က ဘာပေးသတုံး။ ချိုးအဖွဲ့က ဘာကျွေးသတုံး။ နွားပါတီက ဘာကမ်းသတုံး။ ကျွဲပါတီက ဘာလှမ်းသတုံး။ လိုအပ်တဲ့အခါ လည်မျိုကိုခဲချင်ခဲ။ တင်ပါးဆုံကို ဆွဲချင်ဆွဲတတ်တာ မှန်ပေမဲ့ ခုနေခါ ကောက်ရိုးကလေး၊ မြက်ကလေး၊ နှမ်းကလေး၊ ပဲကလေး တစ်ခါဝါး၊ နှစ်ခါဝါး ပေးသနားတာက အစွယ်တံဆိပ်နဲ့ အကောင်တွေအုပ်စု။ ဒါကြောင့် သူတစ်ပါးအသားမစားတဲ့ သတ္တဝါအများစုက အစွယ်တံဆိပ်နဲ့ အကောင်တွေအုပ်စုကို တောမှာ ခေါင်းဆောင်သမူပြုဖို့ စိတ်အာရုံပြုနေမိကြလေသတဲ့။

သြော် . . . ကြက်ဆင်ကြီးတွေက ခရုစွမတ်ကို ထောက်ခံကြတယ်ဆိုတဲ့စကား သွားပြီး အမှတ်ရမိပါရဲ့။ သူတို့ သတ်အစားခံရမယ့်ပွဲဆိုတာ သူတို့သိကြပုံ မရကြပါလေခဲ့။

လူတွေကတော့ စုံနဲ့သာမြိုင်ဘက်ဆီ နားစွင့်လို့နေခဲ့ကြတာ ကြာပါပြီ။ ကိုယ်ကြိုက်တဲ့ ဆန်စေ့ကလေး၊ ပြောင်းစေ့ကလေးလိုဟာမျိုးကို ရွေးရွေးပြီး ကောက်စားတာကို ရွေးကောက်ပွဲလို့ ထင်နေတဲ့ တိရစ္ဆာန်တွေကလည်းရှိ၊ နောင်တစ်သက်လုံး ကိုက်မယ့်အကောင်တွေက အခု ကောက်ရိုးတစ်မျှင် မြက်တစ်ပင် လာပေးတာကို အဟုတ်ထင်နေတဲ့ တိရစ္ဆာန်တွေကလည်း

mgyoe.com

ရှိနဲ့မို့ ဘာသံတွေများ ကြားရဦးမလဲပေါ့။

ခေါင်းဆောင်ကို ကောင်းအောင်ရွေးပြီး လူ့ရွာလောက ရှေ့ကိုပြေးနေတဲ့အချိန်မှာ စုံနံ့သာမြိုင်တောထဲက တိရစ္ဆာန်တွေကတော့ အဘယ်အကောင်ကို ဦးသျှောင်လုပ်ခိုင်းရရင် ကောင်းမလဲဆိုတာကိုတောင်မှ ဉာဏ်နဲ့ယှဉ်ပြီး မရွေးတတ်သေးရင်ဖြင့် အိပ်စားကာ မထိုသုံးဝနဲ့သာပဲ ရှေ့ဆက် ချီတက်ကြပါဦးစို့ရဲ့။ ။

**7 Day Daily/ No.855/ September 13/ 2015**

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



# တိရစ္ဆာန်အတွေး တိရစ္ဆာန်အရွေး

## [ တစ် ]

အေးအေးလူလူရှိတဲ့နေ့တွေရဲ့ ထုံးစံကတော့ စားမြုံ့ပြန်ကြတာပါပဲ။ ဒီနေရာမှာ စားမြုံ့ပြန်တယ်လို့ သုံးလိုက်ရတာက အဓိပ္ပာယ်အနက်နှစ်ခု ထွက်လေသပေါ့။ တစ်ခုက တကယ့်ကို စားမြုံ့ပြန်တာကို ဆိုလိုတာပါ။ စားပြီးသားအစာတွေကို နောက်တစ်ကြိမ်ပြန်စား၊ ပြန်ဝါးတာမျိုးကို ဆိုလို တာပါ။ အဲ . . . နောက်တစ်ခုကတော့ ဟိုးလွန်လေပြီးသော အတိတ်က ဖြစ်ခဲ့လေသမျှ အဆိုးအကောင်း၊ အကျိုးအကြောင်းတို့ကို ပြန်ပြောင်း အမှတ်ရ ပြောကြဆိုကြတာကို တင်စားပြီး ပြောတဲ့သဘောပါ။ စားမြုံ့ပြန် တယ်လို့ ပြောတဲ့အထဲမှာ အဲသည့်နှစ်ခုစလုံး ပါလေသပေါ့။

အဲသည့်နေ့ကလည်း တော်တော့်ကို အေးအေးလူလူရှိလွန်းတာမို့ တိရစ္ဆာန်တချို့ စားမြုံ့ပြန်ကြပါတယ်။ မြူတွေကဆိုင်းလို့၊ ညနေခင်းက လည်း မှိုင်းလို့။ စုံနံ့သာမြိုင်တောကြီးရဲ့ အစပ်နားဆီက မည်စည်ပင်ကြီး လေးငါးဆယ်ပင်စုပေါက်နေတဲ့ အရိပ်အောက်မှာ ကျွဲလည်းပါရဲ့၊ နွား လည်းပါရဲ့၊ သိုးလည်းပါရဲ့၊ သမင်လည်းပါရဲ့၊ ဟိုသည်ပျံ့ဝဲနေတဲ့ ကောင်း ကင်ယံက ငှက်ကလေးတွေလည်းပါရဲ့။ ဗိုက်ကလေးနည်းနည်းဝနေတဲ့ တိရစ္ဆာန်ကလေးတွေဟာ အေးအေးလူလူကိုပဲ လဲလျောင်းနားနေကြတာ

mgyoe.com

mgyoe.com


စားမြုံ့ပြန်လို့ နေခဲ့ကြတာပါ။

အဓိကတော့ ငါတို့တိရစ္ဆာန်တွေဟာ နေ့နဲ့ည၊ အဖြူနဲ့အမည်း သဲကွဲကြရဲ့လား။ အကောင်းအဆိုး၊ အကြောင်းအကျိုး ချင့်ချိန်ရွေးချယ်တတ်ကြရဲ့လား ဆိုတဲ့ကိစ္စက အခြေခံပဲပေါ့။ တောခေါင်းဆောင် ရွေးချယ်ပွဲကြီးကလည်း တစ်စတစ်စ နီးကပ်လာပြီ မဟုတ်လား။

[ နှစ် ]

လူတွေပြောလေ့ရှိတဲ့ ဖားပုံပြင်တော့ ငါစိတ်နာသကွတဲ့။ အဲဒါ ခြေပစ်လက်ပစ်နားနေတဲ့ ကျွဲကြီးကပြောတာပါ။ တိရစ္ဆာန်ထုက 'လုပ်ပါဦး လုပ်ပါဦး'နဲ့ ဖားပုံပြင်ကို တောင်းဆိုသမို့ ပြုလာပါတယ်။ ကျွဲကြီး ပြောရတော့တာပေါ့။

ဒီလိုကွတဲ့။ တစ်ရက်မှာ ဖားသားစားချင်တဲ့ လူတစ်ယောက်က မိုးပြဒယ်အကြီးကြီးတစ်လုံးကို ရေနွေးတွေပွက်ပွက်ဆူအောင် တည်ထားပြီး ဖားကလေးတွေကို ယူလာလေသတဲ့။ မိုးပြဒယ်ဆိုတာက အလှူအိမ်တွေမှာ အများတကာစားဖို့ ချက်ရပြုတ်ရတဲ့ အဝကျယ်ကျယ်နဲ့ ရောမဒယ်အိုးကြီးတွေကိုပြောတာ။ အဲသမှာ အဲသည့်လူက သူဟာ မတရားတာကို ဘယ်တော့မှ မလုပ်ဘူး။ ဒါကြောင့် ဖမ်းလာတဲ့ဖားကလေးတွေကို ဥပဒေမဲ့၊ တရားမဲ့ သူမစားဘူး။ စည်းကမ်းကလေးတစ်ခု သတ်မှတ်ပြီးမှ သည်ဖားကို သူစားသင့်၊ မစားသင့် ဆုံးဖြတ်မယ်ဆိုပြီး မူကလေး ချလိုက်လေသတဲ့။

ဖားတစ်ကောင်ကို ယူသဗျ။ ဒီမှာဘက် မိုးပြဒယ်အိုးနှုတ်ခမ်းပေါ်ကို တင်သဗျ။ ပြီးတော့ ခုန်စမ်းဆိုကာ လွှတ်ပေးသဗျ။ ဟိုမှာဘက် မိုးပြဒယ်နှုတ်ခမ်းကို လွတ်အောင်ခုန်သွားနိုင်ရင် မစားဘူးပေါ့။ လွှတ်စေပေါ့။ အဲ . . . ခုန်လို့မလွတ်ဘဲ ရေနွေးပူပူထဲ လွတ်ကျတဲ့အကောင်မှသာ ဆယ်ယူပြီး ကြော်ချက်ကင်ဖုတ် စားဖို့လုပ်မယ်ပေါ့။ ကောင်းလိုက်တဲ့မူ။ ရောမ မိုးပြဒယ်ကြီးဥစ္စာ။ ဘယ်ကောင်မှ လွတ်အောင် မခုန်နိုင်ကြလေဘူး။ မူနဲ့လူက ပြုံးပြုံးကြီး။ မတတ်နိုင်ဘူးဗျာ စည်းကမ်းလှလှနဲ့ နည်းလမ်းကျကျနဲ့ စားရတာပါခင်ဗျဆိုတဲ့ မျက်နှာပေးနဲ့။

အနို့ အဲသလိုနဲ့ တစ်ကောင်ပြီးတစ်ကောင် ပြုတ်ကျနေတုန်းမှာ

mgyoe.com

mgyoe.com


တစ်ချက်မှာတော့ နည်းနည်းကလေးထွားတဲ့ဖားက ခုန်ထည့်လိုက်တာ မိုးပြဒယ်ရဲ့ တစ်ဖက်နှုတ်ခမ်းကိုကျော်ပြီး လွတ်ထွက်သွားပါလေရော ခင်ဗျ။ မူနဲ့လူ နည်းနည်းတော့ အနေအထားပျက်သွားတယ်။ ဒါပေမဲ့ တည်ငြိမ်စွာနဲ့ပဲ ယင်း ၎င်းဖားကို ပြန်ကောက်ယူပါတယ်။ မတရားမလုပ်နဲ့ကွာတဲ့။ မင်းက အကောင်ကြီးတယ်ကွာတဲ့။ နှစ်ခါပြန်ခုန်ကွာတဲ့။

ကျွဲကြီးက အဲသည့်ဖားပုံပြင်ကို ပြောလိုက်တဲ့အခါ မည်းစည်ပင်အောက်က အေးအေးလူလူတိရစ္ဆာန်တစ်စုဟာ ပြုံးစိစိကြီးတွေဖြစ်လို့။

ကျွဲကြီးက ပြောသဗျ။ ငါတို့တိရစ္ဆာန်တွေဟာ ပုံပြင်ထဲကဖားတွေလိုများ အခွင့်အရေးတွေ အပေးခံနေရလေသလားကွာတဲ့။ မလွတ်တော့လည်း ရေနွေးထဲကျ၊ လွတ်သွားတော့လည်း နောက်တစ်ခါပြန်ခုန်ရတဲ့။

ကျွဲကြီးရဲ့ စကားအဆုံးမှာ နွားကဝင်ပြောလာတာက ကြက်ဆင်ကိစ္စကလည်း ရင်နာစရာပါဆိုလား။ တိရစ္ဆာန်တွေ ခေါင်းထောင်သွားကြ ပြန်ပါရဲ့။ ကြက်ဆင်ကိစ္စပြောဗျာတဲ့။ နွားစားမြုံ့ပြန်ရာက ပါးစပ်ကို ပြင်ရပြန်ပါပြီ။

## [ သုံး ]

နွားက ခရစ္စမတ်ကို မင်းတို့သိပါတယ်ကွာနဲ့ စကားစတာပါ။ ဒီဇင်ဘာနှစ်ဆယ့်ငါးမှာ ကျင်းပလေ့ရှိတဲ့ ခရစ္စမတ်ပွဲမှာ ယုံကြည်သူတို့ဟာ သူတို့အိမ်တွေမှာ စားကောင်းသောက်ဖွယ်တွေနဲ့ စားကြသောက်ကြ မိတ်ဆွေသင်္ဂဟတွေကို တည်ခင်းဧည့်ခံကြတာ မင်းတို့လည်း တိရစ္ဆာန်ပေမဲ့ သိကြမှာပေါ့တဲ့။

အဲ တစ်ခုသော ခရစ္စမတ်မှာတော့ တိရစ္ဆာန်တစ်စုကို ခရစ္စမတ်ပွဲကိုကြိုက်၏။ မကြိုက်၏ သဘောထား ခံယူမိကြလေသတဲ့။ အဲသမှာ အပြည့်အဝသဘောကျပါကြောင်း အဆိုတင်သွင်းတဲ့ သတ္တဝါတွေကတော့ ကြက်ဆင်ကြီးတွေပါပဲတဲ့။

ခရစ္စမတ်ရဲ့ အထူးဟင်းလျာက ကြက်ဆင်သားပဲဆိုတာ မင်းတို့လည်း အသိတဲ့။ အဲသဟာကို ကြက်ဆင်တွေက ထောက်ခံနေကြတာတဲ့။

ငါတို့တိရစ္ဆာန်တွေဟာ ကိုယ့်ကိုသတ်စားမယ့် ပွဲအတွက် ကိုယ် ထောက်ခံချက်ပေးနေတဲ့ ကြက်ဆင်တွေလိုများ ဖြစ်နေကြလေသလားကွာတဲ့။

mgyoe.com

နွားစကားအဆုံးမှာ သမင်ကလေးက ခွေးလည်းဘာထူးသတုံး ဆိုလား။ အဲသမှာ တိရစ္ဆာန်တွေက သမင်ရေ ကိုယ့်စကားကိုယ်ရှင်းဦးတဲ့။ သမင်က အပဟမ်းဆိုတဲ့ ချောင်းဟန့်သံနဲ့ စကားကို စတာပါ။

[ လေး ]

ခွေးအကြောင်းပြောရရင် ဇာတ်လမ်းနဲ့ဇာတ်အိမ်နဲ့ ဘာမှ ရှည်ရှည်ဝေးဝေး ပြောစရာမလိုဘူး။ လူတစ်ယောက်က ခွေးကိုရိုက်တယ်။ ပြန်ကိုက်ပါတော့လား။ သူကတောင် ကိုယ့်ကို ရိုက်နေတဲ့ဥစ္စာ။ မကိုက်ဘူးခင်ဗျ။ အဲသည့်ရိုက်တဲ့လက်ကို လျှာကလေးနဲ့ ပြန်လျက်နေလေရဲ့။ မခံနိုင်တဲ့ တိရစ္ဆာန်တွေက ဘာလို့လျက်ရတာလဲလို့ မေးတော့ ဟိုတစ်ခါ အစာကျွေးဖူးလို့တဲ့။ ရိုက်မယ့်လက်ကို ပြန်လျက်နေတဲ့ခွေးတွေ ခင်ဗျားတို့ တွေ့ဖူးကြမှာပါဗျာ။

ကျုပ်တို့ တိရစ္ဆာန်တွေဟာ တောခေါင်းဆောင်ရွေးတဲ့အခါ ရိုက်မယ့်လက်ကို လျှာနဲ့လျက်ပေးနေတဲ့ ခွေးတွေလိုများ ဖြစ်နေကြလေသလားရယ်လို့တဲ့။ သမင်က။

[ ငါး ]

ဂျက်ကတော့ တိရစ္ဆာန်တွေကို အပြစ် သိပ်မဆိုချင်ဘူး။ ငရမန်ကန်းလက်ထဲကို ရောက်နေတဲ့ စောလူးကိုကယ်ဖို့ ကျန်စစ်သားသွားခဲ့တာပါပဲ။ စောလူးက ကျန်စစ်သား ငါ့ကိုခိုးတယ်အော်လို့ ပစ်ချထားခဲ့ရတာလေ။ လူသတ်သမား ဟစ်တလာဆိုတာလည်း ဂျာမနီမှာ ရွေးကောက်ပွဲနဲ့ တက်လာခဲ့တာပဲဥစ္စာ။

လူတွေဟာ တိရစ္ဆာန်ဆန်နေတဲ့အချိန်မှာ ကိုယ့်ကိုကယ်ဖို့ လာသူလား။ တွယ်ဖို့လာသူလား မခွဲခြားတတ်ကြပါဘူး။ မိုးပြဒယ်ကြီးမှာ နစ်ခါခုန်ရရှာတဲ့ ဖားကလေး၊ ခရစ္စမတ်ကို ထောက်ခံမိတဲ့ ကြက်ဆင်၊ ရိုက်မယ့်လက်ကို လျက်နေမိတဲ့ ခွေးကလေး၊ ဩော် . . . တောထဲမှာ လူရွေးမှားခဲ့ရပုံတွေများ။ ။


7 Day Daily/ No.862/ September 20/ 2015

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သဘောတလွဲ မနောအမွဲနဲ့ တောမည်း

## [ တစ် ]

တဝမ်းပူနဲ့ဖဦးထုပ် အဘယ်အရာက အရင်လာသတုံး ဆရာကြီး ဂျက်တဲ့။ ကေ (K) နဲ့ (T) ကကော အဘယ်စာလုံးက ဦးစွာလာသတုံး ဆိုတာ သိပါရစေတဲ့။ ဘွင်းဘွင်းပြောရရင် စာတတ်ပေတတ်ကြီးရယ်လို့ အများက သတ်မှတ်ထားတဲ့ ဂျက်တောင်မှ ရုတ်ခြည်းဆိုသလိုကျတော့ နည်းနည်းကလေးတော့ ကြောင်တောင်တောင် ဖြစ်သွားမိပါသဗျ။ ပြီးမှ မှင်ကလေးမောင်းကလေးနဲ့ အချိန်ကလေး စဉ်းငယ်ခန့်ယူပြီး စဉ်းစားသမှု ခပ်မြန်မြန်ပြုကာ အဘယ်စာလုံးကအရင်၊ အဘယ်စာလုံးကနောက် ဆိုတာကို ပြောပြလိုက်ရတာပါ။

ဂျက်ကို အားကိုးတကြီးနဲ့ ဝိုင်းမေးကြတဲ့ တိရစ္ဆာန်ကလေးတွေဟာ စုံနံ့သာမြိုင်တောရဲ့ တစ်နေရာမှာ လူ့အဖိုးတန်ကြီး ဂျက်ပါလားဆိုတဲ့ မျက်လုံးတွေနဲ့ ဝိုင်းဝန်းငေးမော ကြည့်ရှုကြလို့ပေါ့။ ကကြီး၊ ခခွေးကို အစဉ်လိုက်သိတဲ့ဂျက်၊ အေဘီစီဒီကို ရှေ့နောက်မလွဲတဲ့ဂျက်ဆိုတဲ့ ကောက်ချက်အသီးသီးတွေနဲ့။

ဖြစ်ပုံက တောခေါင်းဆောင် ပြန်ရွေးကြမယ့် ပွဲတဲ့ခင်ဗျ။ အဲသမှာ

mgyoe.com

mgyoe.com


ဘယ်သတ္တဝါကို စုန့်သာမြိုင်တောကြီးရဲ့ တိရစ္ဆာန်လီဒါ (Leader) အဖြစ်နဲ့ စိတ်အမှန်ကြည်စွာ ရွေးကြမတုံးဆိုတာကို တောတွင်းနေ တိရစ္ဆာန်အသီးသီးတို့က မဲဆန္ဒတွေနဲ့ အသည်းလှုန်ပြဖို့လုပ်တဲ့အခါ ဘယ်အကောင်တွေ ဆန္ဒပြခွင့် ရှိ၊ မရှိ ဆိုတာကို သစ်ပင်ကြီးတွေမှာ စာရင်းကပ်ထားမယ် လုပ်တော့ နာမည်တွေကို ကကြီး၊ ခခွေးနဲ့ တစ်နည်း အေဘီစီဒီ နဲ့တစ်ဖုံ ဖော်ပြထားမယ်ဆိုတာကြောင့် ဗိုက်ထဲမှာ အစာကလေးရှိနေရင် ပြီးတာပါပဲ။ ကကြီး ခခွေးတွေ၊ အေဘီစီဒီတွေ ပြုတ်စားလို့ရတာမှတ်လို့ဆိုတဲ့ တိရစ္ဆာန်တွေ နည်းနည်းကလေး ပြူးပြူးပျာပျာဖြစ်ကုန်ကြကာ ဂျက်ဆီ ရောက်လာခဲ့ကြတာပါ။ နာမည်တွေကို အက္ခရာအစဉ်အတိုင်း ကြည့်ကြရ တော့မှာကိုး။

ဂျက်က "က" အစ "အ" အဆုံး၊ "အေ" အစ "ဇက်" အဆုံး အကုန်လုံး ပြောထည့်လိုက်တဲ့အခါ တိရစ္ဆာန်ကလေးတွေက ငါတို့လူဘဝနဲ့ မဲထည့် ချင်လိုက်တာကွာတဲ့။

[ နှစ် ]

စုန့်သာမြိုင်တောကြီးထဲမှာ သမိုင်းအဆက်ဆက် တိရစ္ဆာန်တွေ မဲထည့် ခဲ့ကြရတာ သုံးလေးခါလောက်တော့ ရှိမလားပဲ။

ဟိုးတစ်ခါတုန်းကလည်း ဒေါင်းနဲ့မြေခွေး ဘယ်သူ့ရွေးမလဲဆိုပြီး တိရစ္ဆာန်ထု မဲထည့်ပွဲကြီး လုပ်ခဲ့ကြဖူးလေသပေါ့။ အို . . . တိရစ္ဆာန်တွေ များဆိုတာ မြေခွေးကို ကြက်ခြေတွေ ခတ်ခတ်ပြီးတော့ကို ထည့်ပစ်ခဲ့ကြ တာ။ တောထဲက မဲထည့်ပွဲကြီးက တော်တော်ထူးသဗျ။ ကြက်ခြေခတ်တွေ အများဆုံးရတာ မြေခွေးပါတဲ့။ ဒေါင်းက ကြက်ခြေခတ် နည်းပါလေသတဲ့။ အမှန်ခြစ်တွေ များနေပါသတဲ့။ တောရဲ့မူက လူတွေနဲ့မတူပါခင်ဗျာတဲ့။ ကြက်ခြေများများ အခတ်ခံရတဲ့ သတ္တဝါကိုသာ ခေါင်းဆောင်ရွေးတာပါလို့ တောလီဒါ (leader) ရွေးချယ်သမ္မပြုရေးအဖွဲ့ကလည်း စည်းကမ်းထုတ် ပြန်လိုက်ရော တစ်တောလုံး ပက်လက်လန်သွားခဲ့ကြပါလေရော။

"တိရစ္ဆာန်စကူးလ်မှာ သင်တဲ့စာနဲ့ တခြားစီပါကလားနော်။ အမှားနဲ့ အမှန်ဟာ လက္ခဏာပြောင်းပြန်ကြီး ဖြစ်နေသလားလို့"တဲ့။

mgyoe.com

mgyoe.com


စာနည်းနည်းတတ်သူ တိရစ္ဆာန်ကလေးတွေကတော့ သို့ကလို အသံကလေးတွေနဲ့ တုံ့ပြန်ခဲ့ကြပါရဲ့။

အဲ . . . တစ်ခါတုန်းကကျတော့ တောမီးတွေ တဟုန်းဟုန်း တောက်လောင်နေတဲ့အချိန်ကြီး။ တိရစ္ဆာန်ကလေးတွေ အသက်ဘေးကလွတ်အောင် ခြေဦးတည့်ရာ ထွက်ပြေးနေကြတဲ့အချိန်။ အဲသမှာ တောလီဒါ (leader) ရွေးချယ်သမ္မပြုရေးအဖွဲ့က ပြေးနေရှာတဲ့ သတ္တဝါကလေးတွေကို စတော့အုန်းလီးသရီးစက္ကန့် (Stop only Three Second) ရယ်လို့ ခွင့်ပန်ကာ မြေခွေးကို ကြိုက်၊ မကြိုက် မေးလေသတဲ့။ အသက်လုလို့ ပြေးရရှာသူ တိရစ္ဆာန်တိုင်းဟာ အုန်းလီးသရီးစက္ကန့်မှာ ဆတ်ခနဲရပ်ပြီး "ကြိုက်"လို့ အော်ပြီးမှ ဆက်ပြေးသွားကြရရှာတာပါတဲ့။ နောက်တော့ ရဂုံတလွှား အကြိုက်ဟု ယုံစားထိုက်သည့် မြေခွေးဆိုတာ ကြေညာပါရောာ။

အနို့နှင့် သို့ဖြင့်ဟုပဲ ဆိုလိုက်ကြပါစို့ရဲ့။ နွေနဲ့ မိုးဆောင်း အလီလီအလာလာပြောင်းသွားပြီးတဲ့ သကာလ တစ်ခုသော ကာလအရောက်မှာ သတ္တဝါထုရဲ့ အချစ်အခင်ကိုရလာတဲ့ ဒေါင်းမကလေးကလည်း နာမည်အရ တောနေသတ္တဝါထုကလည်း အကြွမှာ ကဲ . . . မြေခွေးနဲ့ဒေါင်း ကြိုက်ရာရွေးပြီး မဲထည့်ကြလို့ လုပ်လာကြပြန်တာပါ။ ဘယ်သူရှိမလဲ။ တောလီဒါ ရွေးချယ်သမ္မပြုရေးအဖွဲ့ပေပဲပေါ့။ သစ်ပင်ကြီးတွေမှာ မဲဆန္ဒရှင် အကောင်တွေ စာရင်းကပ်ထားတယ်။ သွားကြည့်ကြတဲ့။ အကွာရာစဉ်ထားတယ်ဆိုလား။

"ဟောဗျာ . . . ဟောသမှာ ဆင်သုံးကောင်စာရင်း ဆဒ္ဒန်ဆင်မင်းတဲ့ . . . မဟာသုဘဒ္ဒါတဲ့။ စူဠသုဘဒ္ဒါတဲ့။ အဲသဟာ ဆုံးတာကြာပြီ မဟုတ်လား ဆရာတို့ရဲ့။ မဲပေးမယ့်အထဲမှာ ပါနေလို့ ကြည့်ပါဦး"

ဘုရားလောင်းဆဒ္ဒန်ဆင်မင်းနဲ့ မိဖုရားနှစ်ပါး မဲပေးမယ့်စာရင်းထဲ ပါနေတာက သိပ်သဘာဝမကျဘူးလေ။ ဒါကြောင့် တောလီဒါ ရွေးချယ်သမ္မပြုရေးအဖွဲ့ထဲမှာပါနေတဲ့ ဝံပုလွေကို ခေါ်ပြလိုက်တော့ ဂျက်ကို သိပ်ပြီး ကျေနပ်ချင်ပုံမရဘူး။

"မှားတာမြင် ပြင်ပေါ့ဗျာ" တဲ့။

အဲ . . . တွေ့ပြန်ပြီ နောက်ထပ်သစ်ပင်ကြီးတစ်ပင်က မဲစာရင်း။

mgyoe.com

"နာဠာဂီရိတဲ့ဟာ ဘုရားကို နင်းဖို့လုပ်တဲ့ဆင်ကြီး ဆိုးတာကြာပါပြီ"

"အမှားမကင်းဘူးဗျာ ပြောရင်ပြင်မှာပေါ့"

ဒါကတော့ တောလီဒါ ရွေးချယ်သမှုပြုရေးအဖွဲ့ထဲက တစ်ကောင်ဖြစ်တဲ့ ကျားရဲ့စကား။

နောက်တစ်နေရာမှာ တွေ့ပြန်တာက မြင်းခင်ဗျ။ ကဏ္ဍကမြင်း တဲ့။ ဂေါတမဘုရားရှင် အနော်မာသောင်စပ်မှာ ဆံတော်ကိုဖြတ်ကာ တောထွက်စဉ်ကတည်းက ဆိုးရှာတဲ့မြင်း။ ဘယ့်နှယ်လုပ် မဲပေးမယ့်စာရင်းထဲ ပါနေရပြန်ရဲ့။

"ခွင့်လွှတ်တော့ ဂျက်ရယ် ထောက်ပြရင် ပြင်ရမှာပေါ့"

မဲပေးမယ့်စာရင်းထဲမှာ ဘုရားရဲ့ဖွားဖက်တော် ကဏ္ဍကမြင်းရဲ့ နာမည်ကြီး ပါနေတာဟာ တစ်မျိုးတစ်ဖုံ ဖြစ်နေတဲ့အကြောင်း ဂျက်က ပြောတာကြောင့် တောလီဒါရွေးချယ်သမှုထဲမှာပါနေတဲ့ ကျားသစ်က ပြောပြန်တာပါ။

## [ သုံး ]

"နာမည်တော့ မှန်တယ်။ ဆရာကြီးဂျက်ရယ် . . . လိပ်စာက လွဲနေသတော်"တဲ့။

ဂျက်က မှန်းစမ်းလို့ဆိုကာ မကျေမနပ်ပြောနေတဲ့ သမင်မကြီးကို အသာတွန်းဖယ်ပြီး သူကြည့်နေတဲ့သစ်ပင်က မဲစာရင်းကို ကဲ . . . ကြည့်လိုက်တော့ ဟုတ်ပါရဲ့ လိပ်စာက အမှား။ သမင်မရဲ့ နာမည်က မှန်တယ် မေဓာဝီ။ လိပ်စာက ပစိဖိတ်သမုဒ္ဒရာတဲ့။ များလွန်းသလားလို့။ သမင်နဲ့ သမုဒ္ဒရာနဲ့။

အဲ .. ပြဿနာ နည်းနည်းကြီးတယ်လို့ ပြောရမှာကတော့ သရက်တောဝိုင်းနားက မျောက်တွေ၊ မိသားစု လေးငါးစုဆိုတော့ကာ အကောင်တစ်ရာနီးနီးတော့ ရှိမလားပဲ။ ကွိကွိကွကွ ကွိကွိကွကွနဲ့။ တစ်ကောင်မှ မဲစာရင်းထဲမှာ မပါဘူးဆိုလားပဲ။ ညောင်မုတ်ဆိတ်ပင်ကြီးမှာ ကပ်ထားတဲ့ တိရစ္ဆာန်မဲစာရင်းစာရွက်ကြည့်ကာ ပွစိပွစိဖြစ်လို့။

"တောကောင်းဖို့လုပ်နေတဲ့ဟာ လစ်ဟာမှုလေးတွေတော့ရှိမပေါ့ . . . ပြောရင်ပြင်ရမှာပ"

mgyoe.com

mgyoe.com

တောလီဒါရွေးတဲ့အဖွဲ့ထဲမှာပါတဲ့ ခွေးခြသေ့်ကြီးတစ်ကောင်က ဟောင်ဖွာ ဟောင်ဖွာနဲ့ ပြောနေခဲ့တာပါ။

"အေး . . . တောကောင်းအောင်လုပ်မယ့် သတ္တဝါကို မှန်ကန်စွာ ရွေးနိုင်ဖို့အတွက် မဲထည့်ကြမယ့် တိရစ္ဆာန်စာရင်းကလေးကိုတောင် မှန်အောင်မလုပ်နိုင်ဘူးဆိုတော့ကာ . . . အနို့နေပါဦး . . . ခွေးခြသေ့်ကြီးရဲ့ အသင်တို့ တောလီဒါရွေးချယ်သမှုပြုရေးဆိုတဲ့အဖွဲ့ ကိုယ်တိုင်ကကော ပါသင့်တဲ့တိရစ္ဆာန်၊ မပါသင့်တဲ့တိရစ္ဆာန်မှန်ရဲ့လား . . . အဲဒါကို အရင်ပြန်စစ်ပါလား"

ဂျက်စကားကြားတော့ မြေခွေးတို့ အဝန်းအဝိုင်းက ခွေးခြသေ့် မျက်နှာပျက်သွားတယ်။ တောကောင်းဖို့ တောလီဒါကောင်းလိုတယ်ဆိုတာ မှန်ရဲ့။ ဘယ်အကောင် တောလီဒါဖြစ်သင့်သလဲဆိုတာ မှန်ကန်စွာ ရွေးတတ်ဖို့လည်း လိုရဲ့။ ရွေးကြမယ့် တိရစ္ဆာန်တွေရဲ့ စာရင်းတွေ အင်းတွေ၊ အကောင်တွေ၊ ဘလောင်တွေကလည်း မှန်ဖို့လိုရဲ့။ အဲသည်စာရင်းတွေ၊ အင်းတွေကို ပြုစုထုတ်ပြန်တဲ့ တိရစ္ဆာန်တွေကလည်း မှန်ဖို့လိုရဲ့။

မူလမဆွ စ လုံးရေစကတည်းက မှားနေလို့ကဖြင့် အပေးမှား၊ အရွေးမှား၊ အတွက်မှား၊ အချက်မှား၊ အအုပ်မှား၊ အချုပ်မှားနဲ့ နိဗ္ဗာန် တံခါးဝနဲ့ တိရစ္ဆာန်လားသမျှ တခြားစီဖြစ်ကာ တောဒုံရင်းကြီးထဲကို တစ်ကြော့ခုန်ဆင်းကြရဦးမှာပေါ့။ ကဲ . . . ဘယ့်နှယ်လုပ်ပြီး ပြင်ကြမှာပါလိမ့်ဆိုတာ လူတွေကဖြင့် စုံနံ့သာမြိုင်ရှိရာဆီ နားစွင့်လို့နေကြပြန်ပါရဲ့။ ။

**7 Day Daily/ No.869/ September 27/ 2015**

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဟော တခွိခွိနဲ့ အဲဒါတောစပိ

### [ တစ် ]

တောစပိတဲ့ခင်ဗျ။ လုပ်ချလာပြန်ပေါ့။ ဘယ်သူရှိမှာတုံး။ ဦးသျှောင် မြေခွေးမင်းကြီးပဲပေါ့။ အင်္ဂလိပ်အီးအီးစီအိတ်ချ် (speech) ဆိုတဲ့ မြန်မာလို 'မိန့်ခွန်း'လို့ အဓိပ္ပာယ်ရတဲ့ ဗြိတိသျှစကားလုံးရဲ့ အရှေ့ကနေ "တော" ဆိုတဲ့ စကားလုံးကို ဝိသေသပြုကာ တောစပိတဲ့ခင်ဗျ။

"ခေါင်းဆောင်လုပ်တဲ့ သတ္တဝါဟာ မိန့်ခွန်းပြောရတယ်ဆို . . . ပြီးတော့ စကားလည်း အပြောကောင်းရတယ်ဆို ဆရာကြီးဂျက်ရဲ့"တဲ့။

အဲသလိုပြောလာတဲ့ မြေခွေးဦးသျှောင်ရဲ့ စကားဟာ ဟောသည် အနှိဇာတ်လမ်းရဲ့ မူလပထမအစပဲလို့ ဆိုကြပါစို့ရဲ့။

ဘယ်ကဘယ်လို မိန့်ခွန်းရောဂါရလာခဲ့တယ် မပြောတတ်ပါဘူး။ မြေခွေးက စုံနံ့သာမြိုင်အတွင်းရှိ သတ္တဝါအပေါင်းကို မိန့်ခွန်းကလေးတော့ ပြောကြည့်ချင်တယ်ဆိုပြီး ဖြစ်လာခဲ့တာပါ။

"တိရစ္ဆာန်တွေဟာ မိန့်ခွန်းပြောလေ့မရှိဘူးတဲ့ . . . အပြောလည်း မကောင်းကြဘူးတဲ့ . . . အဲသဟာကို ကျုပ်က မခံချင်ဘူးဖြစ်နေတာ ဂျက် ဆရာရဲ့"

mgyoe.com

mgyoe.com


သြော် . . . မြေခွေးက လူသားပမာ မိန့်ခွန်းတော်မြွက်ပြောချင်နေရှာတာကိုး။ စကားဆိုတာ လူတစ်ယောက်ရဲ့ ဖတ်အား၊ မှတ်အား၊ အတွေးအခေါ် အမြော်အမြင်အားကိုပြနေတဲ့ အညွှန်းအမှတ်အသားကလေး ဖြစ်ရုံသာမက အဆိုပါစကားပြောသူဟာ ဘယ်လိုနှလုံးသားမျိုး ရှိပါလေစ ဆိုတာကိုပါ ဖုံးကွယ်မရအောင် အလုံးအထည်ပြတာမျိုး ဖြစ်တာကြောင့် အလွန်စွန့်စားရတဲ့ ကိစ္စမျိုးပါ။

စကားပြောတဲ့အခါ ရင်ခေါင်းသံကြီးနဲ့ ပြောလေ့ရှိပြီး ရိုင်းရိုင်းပြော တတ်ပေမဲ့ ဘွင်းဘွင်းရှင်းရှင်း သဘောထား၊ ရိုးရိုးသားသား စိတ်စေတနာ၊ ဖြောင့်ဖြောင့်မတ်မတ် နှလုံးသားတွေကို လှမ်းမြင်နေရတာကြောင့် သူ့စကားကို နားထောင်လို့ အားမရနိုင်သူ ကိုအောင်ဆန်းဆိုတဲ့ နတ်မောက်ကလူရဲ့ မိန့်ခွန်းတွေရှိကြောင်း မြေခွေးကို ဂျက် ဖောက်သည်ချမိပါရဲ့။

"ကျုပ်က စကားပြောမှားသွားမှာ ကြောက်တာ ဂျက်ဆရာရဲ့"

ဒါပေါ့။ စကားနောက်တရားပါ။ လူတွေတောင် အပြောမှားလေ့ ရှိတဲ့ဥစ္စာ၊ တိရစ္ဆာန်တွေက ပိုဆိုးတော့မှာပေါ့။ မြေခွေးနားမှာ ဝန်းရံခနေ တဲ့ တစ်ကောင်က တစ်တောလုံးပတ်ပြီး အစွယ်နဲ့ခဲလာခဲ့တာဆိုလား။ နောက်တစ်ကောင်က ငှက်ပျောသီးတစ်လုံးနဲ့ မြက်တစ်ဆုပ်စာရရင် ကျေနပ် ကြတော့ဆိုလား။ နောက်ထပ်တစ်ကောင်က အခုလို တိရစ္ဆာန်တွေ ဆင်းရဲ တွင်းထဲနစ်ပြီး အကြွေးနဲ့ဖုံးနေတာဟာ ကျုပ်တို့စေတနာနဲ့ လုပ်ပေးခဲ့မိ တာကြောင့်ပါဆိုလား။ စကားအဆိုးအသွမ်းတွေဟာ တရားညှိုးနွမ်းမှုရဲ့ ပုံရိပ်တွေပဲပေါ့။

"ဂျက်က စာရေးဆရာကြီးဆိုတော့ကာ မိန့်ခွန်းကောင်းကောင်းလေး ရေးပါလား . . . ကျေးဇူးတုံ့ပြန်မှာပ"

မြေခွေးက ဂျက်ကို သို့ကလို အလုပ်အပ်နှံပါတယ်။ Speech Writer တဲ့။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် (George W.Bush) ကို သတိရမိ လေသဗျ။ သူ့ရဲ့ မိန့်ခွန်းတွေကို ရေးပေးလေသူက David Frum တဲ့။ အသက် ၄၂ နှစ်အရွယ် ကနေဒီယံလူမျိုး။ ဂျော့ဘုရှ်က ပြောချလိုက်ပါ လေရော။ Axis of Evil ဆိုပြီး။ မိစ္ဆာဝင်ရိုးစွန်းနိုင်ငံတဲ့။ သုံးနိုင်ငံရှိတယ်

mgyoe.com

mgyoe.com


တဲ့။ မြောက်ကိုရီးယားရယ်၊ အီရတ်ရယ်၊ အီရန်ရယ်တဲ့။ ဩော် . . . သုံးနိုင်ငံများတို့ အမုန်းပြိုင်စံရှားကြရပါပေါ့။ ကိုယ့်နိုင်ငံကို မိစ္ဆာ (Evil) လို့ သုံးတာကိုဖြင့် စိတ်ထိခိုက်ကြလေမပေါ့။ နောင်အခါ မိန့်ခွန်းရေးသူ (Speech Writer) အလုပ်က ထွက်သွားခဲ့ရဆိုလား။

"အမေရိကန်သမ္မတ အိုဘားမား (Obama) မှာလည်း မိန့်ခွန်းရေးပေးသူရှိသဗျ . . . သူ့ရာထူးက Director of Speech Writing နေဦး ၃၃ နှစ်ပဲ ရှိသေးတယ်။ နာမည်က Jon Favereau တဲ့။ Winchester မြို့သား နိုင်ငံရေးသိပ္ပံနဲ့ ဘွဲ့ရထားတာ"

ဂျက်က သို့နှယ်လည်း ပြောချလိုက်ရော မြေခွေးမျက်နှာကြီး ဝင်းထိန်သွားလိုက်တာများဆိုတာ။

"အဲသဟာမျိုးကိုပြောတာ ဆရာကြီးဂျက်ရဲ့ . . . အဲသဟာမျိုးကို လိုချင်တာ . . . ခင်ဗျားတို့ ဗိုလ်ချုပ်အောင်ဆန်းဆိုလား၊ ဘာဆိုလား။ သူ့လိုတော့ ကျုပ်တို့ တိရစ္ဆာန်တွေက ဘယ့်နှယ်လုပ် ပြောတတ်ပါ့မလဲ . . . အဲဒါ . . . အခု . . . ကျုပ်က ဆရာကြီးဂျက်ကို အလုပ်အပ်တာ . . . တောစပိ ကောင်းကောင်းလေးရေးပေးစမ်းပါ"

ဂျက် ကလေးလို တိုးလျှိုးပူဆာနေတဲ့ တောရဲ့ ဦးသျှောင်မြေခွေး မောင်ကို သနားသွားမိလေသဗျ။ သည်တော့ ရေးပေးပါ့မယ်ပေါ့။

"ပြည့်ပြည့်စုံစုံတော့ ရေးပေးဂျက်ရာ . . . ဘယ်နေရာမှာ စကားကို ဖြတ်ထားရမယ်တို့ . . . ဘယ်နေရာမှာ ခုံကို လက်သီးနဲ့ ထုလိုက်ရမယ်တို့ . . . ဘယ်နေရာမှာ ခံစားမှုနဲ့ အသံကို တိုးလိုက်ရမယ်တို့ . . . နော်"

ဂျက် သဘောပေါက်သွားခဲ့ရပါပြီ။ သူက Speech Writer ကျွန်ုပ် ရေးပေးတာကို ကြည့်ဖတ်မယ့် တောခေါင်းဆောင်ပေကိုး။

[ နှစ် ]

ဩော် . . . ရှက်ဖို့ကောင်းလိုက်တာ။ စိတ်ပျက်ဖို့ကလည်း ကောင်းမှကောင်း။ တောလုံးကျွတ် တိရစ္ဆာန်ထု ဩဝါဒခံယူပွဲတဲ့။ အကုန်လုံး ကွိကွိကွကွနဲ့ ရယ်နေကြတာကလား။ အဆိုးဆုံးက ကျွဲကြီးပေါ့။ သူ့ရယ်သံက ဗြဲခနဲ ဗြဲခနဲနဲ့ ထွက်ထွက်လာတာ။ မိန့်ခွန်းရှင် ဦးသျှောင်မြေခွေးနောက်

mgyoe.com

mgyoe.com


မှာ တန်းစီပြီးထိုင်နေတဲ့ တောလီဒါတစ်စုဖြစ်တဲ့ ခြသေ့်တို့၊ ကျားတို့၊ ဝံပုလွေတို့၊ ဆင်တို့ကအစ ပြုံးဖြီးဖြီးကြီးတွေဖြစ်လို့။

ထုံလိုက်အလိုက်တဲ့ မြေခွေး။ ရေးပေးထားတာကိုတောင် အဆင်မချောနိုင်ဘူး။

"ကွင်းစ . . . ဤနေရာ၌ ခုံကို လက်သီးနှင့် ထု၍ပြောရန် . . . ကွင်းပိတ် . . . စုံနံ့သာမြိုင်မှာ ဘယ်ဂျူသားမှ လာရောက်ဗိုလ်ကျ အခြေချတာကို လက်မခံနိုင်ပါဘူး"

"ကျုပ်တို့ တောမှာ မနှစ်က မုန်တိုင်းကျတော့ သတ္တဝါကလေးတွေ ဟာလေ ကွင်းစ . . . ၎င်းနေရာတွင် ခေတ္တအံကြိတ်ကာ မျက်ရည်ဝဲနေကပို၍ကောင်းသည်။ ကွင်းပိတ် . . . ဒုက္ခရောက်လိုက်ကြတာ"

"ဤနေရာတွင် အသံကို မြှင့်၍ တိရစ္ဆာန်ဘဝနိမ့်ကျပေမဲ့ အသံကို ထပ်မြှင့် . . . လူတွေရှေ့မှောက် ဒူးမထောက်ဘူး'

"နိဗ္ဗာန်တံတိုင်းကို တိရစ္ဆာန်တိုင်းကျော်လွှားနိုင်ဖို့ ကြိုးစားကြပါစို့လို့ ပြောရင် နိဂုံးချုပ်ပါတယ်။ ချက်ချင်းမဆင်းနှင့် . . . လက်ခုပ်သံ ဆုံးအောင် ခဏစောင့်"

Speech Writer ဂျက် ဘယ့်နှာမှ မအောင့်နိုင်တော့ဘူးခင်ဗျ။ နဘူးချုံကလေးဘေး အသာပြေးဝင်သွားပြီး ဖြဲခနဲ ရယ်ချလိုက်မိပါရဲ့။ အရင်ရောက်နှင့်နေတဲ့ ဖွတ်ကြီးက နင်ပဲရေးပေးထားတာ မဟုတ်လားတဲ့။ ဩော် . . . ဘယ်ဟာက ဖတ်ရန်၊ ဘယ်အရာက မဖတ်ရန်ကိုမှ ခွဲခြားမသိတဲ့ စုံနံ့သာမြိုင်ပါကလားကွယ်တို့။ ။

7 Day Daily/ No.876/ October 4/ 2015

mgyoe.com

mgyoe.com
mgyoe.com

·mgyoe.com



mgyoe.com

mgyoe.com


## တောထဲက မိုက်ခရိုစီးပွား

### [ တစ် ]

ဆရာကြီးဂျက် လာဗျာ အကင်သွားစားရအောင်တဲ့။ တောခွေး သုံးလေးကောင်ခင်ဗျ။ စုံနံ့သာမြိုင်တောကြီးထဲမှာ ဖြတ်သွားဖြတ်လာ အမြဲတမ်းလုပ်နေတဲ့သူမို့ တိရစ္ဆာန်တော်တော်များများနဲ့ကတော့ မျက်နှာ သိတွေချည်းလိုလို ဖြစ်လို့နေတာ ကြာခဲ့ပါပြီ။ အခုလည်း အကင်ဆိုင်သွား ဖို့ ဖိတ်ခေါ်နေတဲ့ တောခွေးတွေကို လှမ်းကြည့်မိတော့ မြင်ဖူးသလိုလို မျက်နှာတွေပဲမို့ လက်ခံလိုက်ပါတယ်။

ထနောင်းပင်ကလေးတွေ တန်းစီပြီးပေါက်နေကြတဲ့ တောလမ်း တစ်နေရာမှာ ဝပုလွေမကလေးတစ်ကောင်ဖွင့်ထားတဲ့ အကင်ဆိုင်ကို ရောက်တော့ ငုံးကင်တဲ့၊ ကြက်ကင်တဲ့၊ ယုန်ကင်တဲ့ မှာလိုက်တာများမှဖြင့် အမျိုးကိုစုံလို့။ အကင်မှာထားတုန်းမှာ ဖိတ်မန္တကပြုသူ တောခွေးတွေနဲ့ စကား စမြည် ပြောဖြစ်ပါတယ်။

"အဆွေတောခွေးတို့ကြည့်ရတာ . . . အလုပ်အကိုင် အဆင်ပြေနေပုံ ရတယ်"လို့ ဂျက်က စကားစလိုက်တာနဲ့ တောခွေးသုံးလေးကောင်လုံး လှုပ်လှုပ်ရှားရှားကလေးဖြစ်သွားတာ တစ်ကောင်က ဖြေတော့တာပါ။

mgyoe.com

mgyoe.com


"ပုံမှန်တော့မရှိဘူး ဆရာကြီးဂျက်ရဲ့ . . . အများအားဖြင့်တော့ အလုပ်ကောင်းပါတယ်။ ဒီနေ့ကတော့ အရောင်းအဝယ် ကောင်းလွန်းတာနဲ့ ခုလို . . . ညှော်ခံရတာ" တဲ့။

အကင်တွေရောက်လာတဲ့အခါ အနံ့တလှိုင်လှိုင်နဲ့မို့ သူဝါး ကိုယ်ဝါး အပြိုင်စားကြရင်းက ဘယ့်နှာသို့သော စီးပွားရေးကို လုပ်ကိုင်ကြပါစလို့ တောခွေးတွေကို ဂျက်က မေးမိပါလေရော။ ဆန်းလိုက်တဲ့ စီးပွားရေး ခင်ဗျ။ တောလမ်းဖြတ်ပြေးစီးပွားရေး ဆိုလား။

တောထဲမှာက လိုင်စင်မဲ့တွေရော၊ လိုင်စင်နဲ့တွေရော ကားတွေ၊ ဆိုင်ကယ်တွေက များမှများမဟုတ်လား။ အဲသမှာ ကားလာလာ၊ ဆိုင်ကယ်လာလာ တောခွေးတစ်ကောင်က အသာကလေး ဖြတ်ပြေးပစ်လိုက်တာတဲ့။ ထိတာ၊ ခိုက်တာ၊ ပွတ်တာ၊ တိုးတာကလေးတွေ ဖြစ်ပြီပေါ့။ အဲသည့်အခိုက်မှာမှ နံဘေးမှာ အသင့်ရှိနေကြတဲ့ တောခွေးတွေက ဝိုင်းအုံလာပြီး "ကိုင် ဘယ်လို ရှင်းမှာတုံး . . . မနစ်နာအောင်တော့ ခင်ဗျားကြည့်လုပ်ပေးခဲ့" ဘာညာနဲ့ အစွယ်တွေ ဖြဲပြလိုက်ကြတာတဲ့။

"နေ့စဉ်ပုံမှန်တော့ ဝင်ငွေရှိပါတယ် . . . အနည်းအများကတော့ ကုသိုလ်ကံ ပေါ့ . . . အန္တရာယ်များပါတယ် ဆရာဂျက်ရယ် လုပ်ကိုင်စားသောက်ရတာ အဲဒါ မနက်က ကားတစ်စီးနဲ့တိုးပြီး မြတ်မြတ်ကလေးရ လိုက်လို့"

တောခွေးတွေက အားရပါးရစားရင်း မနားစတမ်းပြောနေပုံက သူတို့ အလုပ်အကိုင်ကောင်းပုံကို ဂုဏ်ယူနေတဲ့ စတိုင်လ်ပါ။ ဩော် . . . တောလမ်းဖြတ်ပြေး စီးပွားရေးလုပ်ငန်းထဲကို တိရစ္ဆာန် အသစ်အသစ်တွေက တောင်မှ ဝင်လာဖို့ ခြေလှမ်းပြင်နေကြတယ်ဆိုလား။

## [ နှစ် ]

တစ်ရက်မှာတော့ ကျောက်ဂူကလေးတစ်ခုရဲ့ အပေါက်ဝမှာ ဝက်ဝံ နှစ်ကောင်နဲ့ သွားတွေ့ပြန်ပါလေရော။ ကုန်းကုန်းကုန်းကုန်းနဲ့ ဘာတွေများ လုပ်နေကြပါလိမ့်လို့ သွားကြည့်တော့ တိုင်းရင်းဆေးထုတ်လုပ်ရေး ဆိုလား။

နံဘေးမှာ လူ့ရွာကထုတ်တဲ့ နာမည်ကျော်သွေးဆေးဘူးက သုံး လေး ဘူး။ သည့်အပြင် ဆေးဘူးအခွံအလွတ်တွေကလည်း ရှုပ်ပွလို့။ နောက်ထပ်

mgyoe.com

mgyoe.com


အရေးတကြီးပစ္စည်းက အုတ်နီခဲနှစ်လုံးသုံးလုံး။

ဝက်ဝံကြီးတစ်ကောင်က အုတ်နီခဲတစ်လုံးကို ထုပြီး ပဲ့ရွဲ့လာတဲ့ အပိုင်းအစတွေကို ကျောက်ရေတ်ဆုံကြီးထဲမှာ ထည့်ကာ မုန့်မုန့် ညက်ညက်ကြေအောင် ထောင်းလို့နေသဗျ။ နောက်တစ်ကောင်က အဲ့သည့် အုတ်နီခဲမှုန့်နဲ့ သွေးဆေးမှုန့်ကို အင်ဖက်ကြီးတစ်ဖက်ပေါ်မှာ ရောသမမွှေကာ ဘူးခွံအလွတ်ကလေးတွေထဲကို ထည့်သဗျ။ စုံနံ့သာမြိုင်သဘာဝ သွေးဆေးဆိုလား။

"ပစ္စည်းကတော့ အမျိုးစုံအောင်ကို ထုတ်နေရတော့တာပါဗျာ . . . ဆန်ထဲကို ထည့်ဖို့ ကျောက်စရစ်ခဲအဖြူ နှမ်းထဲကိုထည့်ဖို့ ကျောက်စရစ်ခဲအမည်း . . . ပဲထဲကိုထည့်ဖို့ မြေကျစ်စာခဲလေးတွေ . . . သူ့ရာသီနဲ့သူ အလုပ်က ဖယ်စက်သလို လုပ်နေရတာ",

ဝက်ဝံကြီးစကားကြားရတာ ဂျက်ကွမ်းခြံကုန်းပါးစပ်ထဲမှာ ကျွဲခနဲ ကျွဲခနဲတောင်မှ မြည်လာသလိုပါပဲ။ တောရဲ့ နေ့စဉ်နဲ့အမျှ အသက်မွေးဝမ်းကျောင်းမှုယန္တရားကြီး လည်ပတ်နေပုံက အံ့သြစရာကောင်းလိုက်တာ။

အဲ . . . တစ်နေရာမှာကတော့ ကျားမိသားစုတစ်စုခင်ဗျ။ နာမည်ကတော့ အပျံစား။ ဒုတိယပုံရိပ် အထွေထွေထုပ်လုပ်ရေးတဲ့။ ဂျက်နဲ့ အပြောအဆို အဆက်အဆံရှိတဲ့ ကျားကလေးတွေပါ။ အဲသမှာကျတော့ တိရစ္ဆာန်တွေ ဖတ်ချင်တဲ့ ကမ္ဘာကျော်စာအုပ်တွေကို မူရင်းနဲ့မခြား ကော်ပီပွားလို့ ရောင်းပေးနေလေသဗျ။ တိရစ္ဆာန်တွေ နားထောင်ချင်တဲ့ သီချင်းအယ်လ်ဘမ်အမျိုးမျိုးကိုလည်း မူရင်းနဲ့မခြား ကော်ပီပွားလို့ ကူးပေးနေလေပါသဗျ။ တိရစ္ဆာန်တွေကြည့်ရှုချင်တဲ့ ရုပ်ရှင်ဇာတ်ကားတွေကိုလည်း နဂိုမူလနဲ့ ထပ်တူထပ်မျှ ကူးယူဝေငှကာ ရောင်းချလို့ပေးနေပါလေသဗျ။

"တိရစ္ဆာန်တွေ နောက်မကျအောင် ဖြန့်ဝေပေးနေတဲ့ သဘောပါပဲ ဆရာဂျက်ရယ်"

ကျားတစ်ကောင်က သူ့သွားကြားက အသားတစ်စကို လျှာနဲ့ အသာထိုးထုတ်နေရင်းက သို့ကလိုပြောသဗျ။

အဲ . . . မေ့တော့မလို့။ တောထဲက စွန့်ဦးတီထွင်လုပ်ငန်းရှင် တိရစ္ဆာန်တွေထဲမှာ ဆင်မိသားစုတစ်စုရဲ့ လုပ်ငန်းကတော့ ချန်လုပ်ထားလို့ မရစကောင်းဘူးထင်ပါရဲ့။

mgyoe.com

mgyoe.com

အရွယ်မရောက်သေးတဲ့ တိရစ္ဆာန်စုံတွဲကလေးတွေ တွေ့ဆုံနိုင်ဖို့ရာ ခြံဝင်းအကျယ်ကြီးတစ်ခုထဲမှာ ချုံပုတ်ကလေးတွေ၊ ချောင်ကလေးတွေ၊ လှိုဏ်ကလေးတွေ၊ မြောင်းကလေးတွေ ဖန်တီးပေးထားပြီး ငှားစားတဲ့လုပ်ငန်း တဲ့ခင်ဗျ။ စီးပွားဖြစ်လိုက်တာများဆိုတာ ရိပ်ရိပ် ရိပ်ရိပ်နဲ့။ ယောဆင်မကြီး လည်ပင်းမှာ စိန်ဘယက်ကြီးနဲ့။

## [ သုံး ]

လူ့ရွာလူ့ရပ်ဘက်ဆီမှာ ဇရာမစီးပွားရေး လုပ်ငန်းကြီးတွေအပြင် မိုက်ခရို (Micro) လို့ခေါ်တဲ့ အသေးစားစီးပွားရေး လုပ်ငန်းကလေးတွေ နဲ့ပါ သူတို့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့ရာ လုပ်ဆောင်နေကြတာကို အားလုံးအသိပါ။

အခုလည်း စုံနံ့သာမြိုင်က တိရစ္ဆာန်လောကကြီးရဲ့ မိုက်ခရိုစီးပွားရေး လုပ်ငန်းတွေဟာ အားရဖို့ကောင်းလိုက်တာ။ လူတွေဆီမှာ မီးခလုတ် ကလေးတွေ လုပ်တာမျိုး၊ အသီးအနှံတွေ စိုက်တာမျိုး၊ ပလတ်စတစ် ပစ္စည်းကလေးတွေ လုပ်တာမျိုး၊ ခေါင်းလျှော်ရည်လုပ်တာမျိုး၊ စားသောက် ကုန်လုပ်တာမျိုးတွေနဲ့ ရုန်းကန်နေတဲ့အချိန်မှာ ကားရှေ့၊ ဆိုင်ကယ်ရှေ့ ထိုးလှဲတဲ့ စီးပွားရေး၊ အော်ရီဂျင်နယ်ကို မိတ္တူပွားတဲ့ စီးပွားရေး၊ တိရစ္ဆာန် ငယ်ကလေးတွေ လမ်းမှားရောက်အောင် တွန်းပို့တဲ့ စီးပွားရေးနဲ့ ရှေ့ကို ချီတက်နေလိုက်ကြတာ။


သေချာပါတယ် စုံနံ့သာမြိုင်စီးပွားရေးဟာ မကြာမီ ကမ္ဘာကို လွှမ်း တော့မှာပါ။ ။

**7 Day Daily/ No.883/ October 11/ 2015**

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# သည်တော သည်တောင် သည်အကောင်တွေနဲ့

## [ တစ် ]

စုံနံ့သာမြိုင်ထဲက အဲသည့်တံတားကြီးကို ဓာတ်ပုံတွေဘာတွေရိုက်၊ သတင်းဆောင်းပါးတွေဘာတွေရေး၊ ပြီးတော့မှ မဟာစကြဝဠာအနှံ့ ဖြန့်ဝေလိုက်ရရင် တော်တော့်ကို အုတ်အော်သောင်းတင်း ဖြစ်သွားနိုင်သဗျ။

တံတားက ချောင်းကိုကူးတဲ့တံတားပါ။ ဘာကျယ်တာမှတ်လို့။ ရှိလှ ဆယ်ပေပေါ့။ ဆယ့်ငါးပေပေါ့။ အနို့သော်လည်း ရေက နည်းနည်းနက်ပြီး ဘယ်တော့မှ ရေမပြတ်တဲ့ ချောင်းဆိုတော့ကာ တိရစ္ဆာန်တွေ ဖြတ်သွားဖြတ်လာလုပ်ဖို့က တော်တော်ကလေးခက်ပါတယ်။

အဲသည့်ချောင်းပေါ်မှာ တံတားတစ်စင်း ရှိပါတယ်။ သစ်သားတံတားပါ။ တောင့်တောင့်တင်းတင်းလည်း ရှိပါတယ်။ အနို့သော် အခုထိ ဘယ်အကောင်မှ ဖြတ်သွားလို့ မရသေးဘူး။ သွားလည်း မသွားကြပါဘူး။ ဘယ့်နှယ်လုပ်ပြီးမှ သွားလို့မရတဲ့ဥစ္စာ။

တံတားက တစ်ဝက်တံတားခင်ဗျ။ အင်္ဂလိပ်လိုပြောရင် ဟပ်ဖ် ဘရစ်ဂျ် (Half Bridge) ပေါ့။ အပြည့်ထိုးထားတဲ့တံတား မဟုတ်လေဘူး။ ချောင်း အလယ်လောက်အထိသာ တစ်ဝက်တိတိထိုးထားပြီး ကျန်တစ်ဝက်က

mgyoe.com

mgyoe.com

သည်အတိုင်း။ တံတားအပေါ်ကနေ ချောင်းကိုကူးမယ့် တိရစ္ဆာန်ကလေးတွေဟာ လမ်းတစ်ဝက်မှာ ရပ်သွားပါလေရော။

"ကျုပ်က ဟောသည့် အနားတစ်ဝိုက်က တိရစ္ဆာန်ကလေးတွေကို ပြောထားတယ်။ ငါ့ကို ကြိုက်လို့ရွေးရင် ဟောသည့်တံတားကို ပြီးအောင် ဆက်ဆောက်ပေးမယ် . . . ငါ့ကိုမရွေးရင် ဆက်မဆောက်ပေးတော့ဘူးလို့"

ဝံပုလွေက သို့နှယ်ပြောပြီး ဟပ်ဖ်ဘရစ်ဂျ် (Half Bridge) တံတားကို လက်ညှိုးညွှန်ပြပါလေတယ်။ သြော် . . . တိရစ္ဆာန်လီဒါ (Leader) ရွေးချယ်သမှုပြုလုပ် အချိန်အခါသမယရဲ့ အကြံမြင်ကွင်းတစ်ခု။ ဝံပုလွေရဲ့ မဲဆွယ်စည်းရုံးတဲ့ နိုင်ငံရေးဗျူဟာ။ ငါ့ကိုရွေးရင် တံတား အစအဆုံး နင်တို့ဖြတ်။ ငါ့ကို မရွေးရင် တိုးလိုးတန်းလန်း တံတားကလေးရဲ့ ချောင်းအလယ်ကောင်မှာ နင်တို့ရပ်။

[ နှစ် ]

လူတွေဆီမှာ အီလက်ရှင် (Election) လုပ်တဲ့အသံကို ကြားတာကြောင့် တိရစ္ဆာန်တွေလည်း သို့နှယ် အီလက်ရှင် (Election) ကျမှ တော်မဟဲ့ဆိုတဲ့စိတ်ကူး ပေါ်လာပြီးတဲ့သကာလ တောကို ဘယ်အကောင်တွေရဲ့ အုပ်စုက လီဒါ (Leader) လုပ်ကြမတုံးဆိုတဲ့ မေးခွန်းရဲ့နောက်မှာ ကြိုက်တဲ့အကောင် မဲထည့်ကြလကွာဆိုတဲ့ လုပ်ငန်းကြီး စုံနံ့သာမြိုင်တောထဲမှာ ပေါ်လာခဲ့တာ ဘာကြာသေးတာမှတ်လို့။

အဲ . . . ဘယ်အကောင်ကို တောဦးသျှောင်လုပ်ခိုင်းမတုံးဆိုတဲ့ ကိစ္စအတွက် ကိုယ့်အစုနဲ့ကိုယ် နီးစပ်ရာတိရစ္ဆာန်ကလေးတွေကို မြူဆွယ်ကြတော့လကွာဆိုတဲ့ မူလည်းချလိုက်ရော ခုနကဝံပုလွေလို တံတားတစ်ဝက်ထိုးပြီး ငါ့ကိုကြိုက်ရင် ဖူး (Full) တံတား၊ ငါ့ကို မကြိုက်ရင် ဖြစ်သလို ဆက်ကူးသွားဆိုတဲ့ အလွန်မွှန်မြတ်သန့်စင်တဲ့ တိရစ္ဆာန်ပေါ်လက်တစ် (Politic) လုပ်ငန်းကြီး ပေါ်ပေါက်လို့ လာခဲ့တာပါ။

တူရာ တူရာ အစုကလေးတွေနဲ့ သူ့သူငါငါ ဂရု (Group) ကလေးတွေ လုပ်ကြတဲ့အခါ မြေခွေးတို့ အသားစားအဖွဲ့ကလည်း တစ်အုပ်စုခင်ဗျ။

mgyoe.com

mgyoe.com

ကျားပါတာပေါ့။ ခြသေ့်ပါတာပေါ့။ ကျားသစ်ပါတာပေါ့။ ခွေးအပါတာပေါ့။ အသားမစားတဲ့ ဆင်ကြီးကိုတောင် အကောင်ကြီးသကွာဆိုပြီး ဆွဲထည့်ထားလိုက်ကြသေးတာ။ ခုနက တံတားတစ်ဝက်ထိုးထားတဲ့ ဝံပုလွေဟာ အဲသည့်အုပ်စုထဲကပဲပေါ့။

"ကျုပ်ကတော့ ဝံပုလွေရဲ့ဗျူဟာကို သဘောမကျဘူး။ ဟော သမှာ ဒါကျုပ်ဝင်အရွေးခံမယ့် လက်ပံတော လက်ပံပင်မှန်သမျှကို ကြည့် လိုက်"

ခြသေ့်က အနိ့ကလိုပြောသံဟာ နည်းနည်းတော့ မာမာထန်ထန်ကြီးပါ။ သူညွှန်တဲ့ လက်ပံပင်တိုင်းမှာက သူ့အာဘော် စည်းရုံးရေး စာရွက်ကြီးတွေကပ်လို့။

"စိတ်အေးချင်ရင် အစွယ်တံဆိပ်ခတ်နှိပ်ထားတဲ့ အုပ်စုကိုရွေး၊ အကြောင်းတစ်စုံတစ်ရာကြောင့် ဒေါင်းပုံပါတာကို ရွေးလို့ကတော့ တောမီး တဟုန်းဟုန်း လောင်မြိုက်သွားမယ်မှတ်"တဲ့။

ခြသေ့်ရဲ့ စည်းရုံးရေးကြော်ငြာစာသား။ ကန်စွန်းရွက်စည်းကလေး ကိုင်ထားတဲ့ သမင်မိသားစုက စာလုံးကလေးတွေပေါင်းဖတ်ရင်း စိတ်ထား ပြည့်ဝလိုက်တာလို့ မှတ်ချက်ချသဗျ။

ခွေးအ အရွေးခံမယ့်နေရာက ပိတောက်ချောင်ခင်ဗျ။ ပိတောက်ချောင် ဆိုတော့ကာ ပိတောက်ပင်တွေ စုပေါက်နေတဲ့ နေရာပေါ့။ လှလိုက်တဲ့ စည်းရုံးမှု၊ ဘာကြီးတွေပါလိမ့်လို့ အံ့ဩနေမိတာ ဘူးသီးကြီးတွေ ခင်ဗျ။ နည်းတဲ့ဘူးသီးကြီးတွေမှ မဟုတ်တာကလား။ ဧရာမဆိုမှ တကယ့် ဧရာမ။ ပိတောက်ပင်တိုင်း ပိတောက်ပင်တိုင်းရဲ့ ခွကြားမှာ တင်ထားတာ။

"ပိတောက်ပင်ရဲ့ ခွကြားဆိုတော့ ပိတောက်တွေ ခွကျကုန်တဲ့သဘော ပေါ့။ ဘူးက ငြင်းတာ ပိတောက်တွေ အငြင်းခံရပြီး ခွကျအောင် စီရင်ထား တာ . . . မိမိ ခွေးအသာလျှင် ဟောသည့် ပိတောက်ချောင်မှာ အရွေးခံရ မှာပါဗျာ"

ခွေးအကြီးက အားရပါးရကိုပဲ ပြောနေခဲ့လိုက်တာပါ။

တောလုံးအနှံ့ ပျံ့နှံ့လာတဲ့ သတင်းကလေးတစ်ခုကဆိုလည်း တော် တော့်ကို မွေးကြိုင်လှိုင်ထုံသင်းပေသပ။ ယုဇနတောကလေးထဲကို ယုန် ကလေးတွေက မဲဆွယ်ရင်း ငြိမ်းချမ်းရေးတရားဟောဖို့ သွားခဲ့ကြတယ်

mgyoe.com

mgyoe.com

ဆိုလား။ အဲသမှာ တောလမ်းအဝင်ကနေ တောခွေးအကောင် ငါးဆယ်လောက်က စောင့်နေကြလေသတဲ့။ ယုဇနဂနိုင်တွင်းကို မဝင်ရဘူးဆိုလား၊ အထဲမှာ ကျားက တရားဟောနေလို့ဆိုလား၊ အစွယ်ဖွေးဖွေးတွေ ပေါ်အောင် ပါးစပ်ကို ဖြဲထားကတည်းက တကယ်ခဲမယ့် ငနဲတွေပဲဆိုတာ သိသာထင်ရှားနေပါတယ်။ ယုန်ကလေးတွေ လှည့်ပြန်ခဲ့ရရှာလေသတဲ့ ခင်ဗျ။ တောသတင်းမွှေးမွှေးကလေး။

## [ သုံး ]

"ကျုပ်တို့ ဂရု (Group) အောင်ပွဲဆင်ပါ့မလားမသိ။ အောင်ခဲ့သော် စုံနံ့သာမြိုင်ရဲ့ အနာဂတ်ကို အတပ်ဟောပေးပါဦး"

အကျွမ်းဝင်သူမြေခွေးက သို့နှယ် ခန့်မှန်းသမှုပြုပါရန် ပန်ကြားလာလေတဲ့အခါ ဆရာကြီးဂျက်လည်း မနေသာ မထိုင်သာ တော မိုးလေဝသကို ဟောကိန်းထုတ်ရပါလေတယ်။

"ငါမနိုင်ရင် တံတားဆက်မထိုးပေးဘူးဆိုတဲ့ ဝံပုလွေ၊ ငါရှုံးရင် တောပြုန်းအောင်လုပ်မယ်ဆိုတဲ့ ခြသေ့် . . .၊ ပိတောက်ပင်ခွကြား ဘူးသီးထားပြီး တောကောင်းစားဖို့ စီမံမယ်ဆိုတဲ့ ခွေးအ . . . ကျားကလွဲရင် တောထဲမှာ ဘယ်ကောင်မှ စကားမပြောရဆိုတဲ့ တောခွေးတွေ . . . သို့ကလို နှလုံးသားလှလှ တိရစ္ဆာန်ကြီးတွေနဲ့သာ နိဗ္ဗာန်ခရီးနှင်လိုက်ရရင် လူ့တိုင်းပြည်ကတောင် တုနှိုင်းမမီတဲ့ တောပါကလား ဟာရီ့ဆိုပြီး ဖြစ်သွားပေမှာပ" လို့။

မြေခွေးက ပြုံးပြုံးကြီး၊ လူ့တိုင်းပြည်ဆိုတာက နော်ဝေးတို့၊ ဒိန်းမတ်တို့၊ ဂျပန်တို့၊ စင်ကာပူတို့၊ တောင်ကိုရီးယားတို့ကို ဆိုလိုတာပေါ့နော်တဲ့။ ဂျက်က ဟုတ်ပါ့ဆိုတော့ လူတွေတော့ တွေ့ကြသေးတာပေါ့ကွာတဲ့။ ဩော် . . . မြေခွေးပြောတဲ့အတိုင်း တွေ့ကြသေးတာပေါ့။ ။

7 Day Daily/ No.890/ October 18/ 2015

mgyoe.com